မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၄ ] ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက် ( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် ) } သောကြာနေ့ [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၅/၂၀၁၄**

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် )

**လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီတွင် ဒုတိယဥက္ကဋ္ဌ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၄) ဖြင့် ဖွဲ့စည်းခဲ့သော **“လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ”** တွင် ဒုတိယဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး **အစား** ဒုတိယဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦးအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၆/၂၀၁၄**

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် )

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ"** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါက်တာစိုင်းမောက်ခမ်း<br>ဒုတိယသမ္မတ | နာယက |
| (၂) | ဦးသိန်းညွန့်<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၁)<br>ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | နာယက |
| (၃) | ဦးစိုးဝင်း<br>ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၄) | ဗိုလ်မှူးချုပ်ကျော်ဇံမြင့်<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးသန်းဌေး<br>ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၇) | ဒုတိယတိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၈) | ဒေါက်တာမောင်မောင်ဌေး<br>ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ခ) **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါက်တာမောင်မောင်ဌေး<br>ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးဦးစီးဌာန<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၃) ဦးစိုးရန်နိုင် ကော်မတီဝင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(၁၄) အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး — အဖွဲ့ဝင်

(၁၅) ညွှန်ကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန သာသနာရေးဝန်ကြီးဌာန — အတွင်းရေးမှူး

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို LED Board ဖြင့် ပူဇော်နိုင်အောင် ဆောင်ရွက်ရန်။

(ခ) ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို စီစဉ်ညွှန်ကြားရန်။

(ဂ) ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအတွက် ဖွဲ့စည်းပေးထားသည့် ဆပ်ကော်မတီအသီးသီး၏ လိုအပ်ချက်များအား ကူညီဖြည့်ဆည်းပေးရန်နှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်။

(ဃ) အရေးကြီးပုဂ္ဂိုလ်နှင့် ဧည့်သည်တော်များအား ကြိုဆိုရေး၊ သံဃာတော်များ ပင့်ဆောင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ သံဃာတော်များအား ဆက်ကပ်မည့်လှူဖွယ်ပစ္စည်းများ၊ ပဒေသာပင်များ သာသနာ့မဟာဗိမာန်တော် ပြင်ဆင်ထားရှိမှု စသည်တို့ လစ်ဟာမှုမရှိစေရေးအတွက် ကြိုတင်စစ်ဆေးထားပြီး ဆပ်ကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရန်။

၃။ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့သည် လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သော ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၁၄)

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် )

### မြန်မာနိုင်ငံဆိုင်ရာ လူတစ်ဦးချင်းဝင်ငွေစုဆောင်းသည့်စနစ် အကောင်အထည်ဖော်ရေးကော်မတီ ဖွဲ့စည်းခြင်း (Myanmar Provident Fund Implementation Committee - MPFIC)

၁။ မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းများနှင့် ပုဂ္ဂလိကကဏ္ဍဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ကိုယ်ပိုင်အိမ်ရာနေထိုင်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ မိသားစုလူနေမှုဘဝ ကာကွယ်မြှင့်တင်ရေးအတွက် မြန်မာ

နိုင်ငံဆိုင်ရာ လူတစ်ဦးချင်းဝင်ငွေစုဆောင်းသည့်စနစ် အကောင်အထည်ဖော်ရေးကော်မတီ (Myanmar Provident Fund Implementation Committee - MPFIC) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးလှထွန်း<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၆) | ဥက္ကဋ္ဌ |
| ( ခ ) | ဦးတင်ဦးလွင်<br>ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ဦးသန့်ရှင်း<br>ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာသိန်းသိန်းဌေး<br>ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ဒေါက်တာစန်းလွင်<br>ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒေါက်တာဝင်းမြင့်<br>ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ဝင်းမော်ထွန်း<br>ဒုတိယဝန်ကြီး<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဦးထွန်းထွန်းဦး<br>ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာကျော်ကျော်ဌေး<br>အဖွဲ့ဝင်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ည) | ဦးစိုးမင်း<br>ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| ( ဋ ) | ဒေါက်တာလင်းအောင်<br>ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| ( ဌ ) | ဦးဗရတ်ဆင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သမ္မတရုံးဝန်ကြီးဌာန (၆) | တွဲဖက်အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံဆိုင်ရာ လူတစ်ဦးချင်းဝင်ငွေစုဆောင်းသည့်စနစ် အကောင်အထည်ဖော်ရေးကော်မတီ (Myanmar Provident Fund Implementation Committee - MPFIC) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံလူတစ်ဦးချင်းဝင်ငွေစုဆောင်းသည့်ဥပဒေကို ပြဋ္ဌာန်းရန်၊

(ခ) နိုင်ငံ့ဝန်ထမ်းများနှင့် ပုဂ္ဂလိကကဏ္ဍဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ကိုယ်ပိုင်အိမ်ရာဖြင့် နေထိုင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဂ) ပညာရေး၊ ကျန်းမာရေးနှင့် မိသားစုလူနေမှုဘဝ ကာကွယ်မြှင့်တင်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဃ) နိုင်ငံတော်၏ လူမှုလုံခြုံရေးအကာအကွယ် (Social Security Coverage) ကို ကျယ်ဝန်းစေရန် အတွက် တိုးချဲ့ဆောင်ရွက်နိုင်ရန်၊

(င) နိုင်ငံတော်၏ ဘဏ္ဍာရေးမူဝါဒနှင့် ငွေကြေးမူဝါဒကို ကူညီပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ရန်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )

**၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်း၍**
**အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ဥပဒေ (မူကြမ်း)

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    ။ )

၁၃၇၆ ခုနှစ်၊                    လ    ရက်

( ၂၀၁၄ ခုနှစ်၊              လ    ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မီးသတ်တပ်ဖွဲ့ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ မီးသတ်ဦးစီးဌာန၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့တို့ဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို ဆိုသည်။

(ခ) **အရန်မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ မီးသတ်ဦးစီးဌာနက လေ့ကျင့်သင်ကြားပြီး ဖွဲ့စည်းတည်ထောင်သည့် စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

(ဂ) **သီးသန့်မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ ဈေး၊ လုပ်ငန်းဌာန၊ အဖွဲ့အစည်းနှင့် မီးဘေးစိုးရိမ်ရသောလုပ်ငန်းများတွင် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက ဖွဲ့စည်းတည်ထောင်ထားသည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

(ဃ) **မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာ**ဆိုသည်မှာ မီးဘေးလုံခြုံရေးအတွက် အသုံးပြုသည့် မီးလှန့်အချက်ပေးပစ္စည်းကိရိယာ၊ မီးလောင်မှုဆိုင်ရာအာရုံခံပစ္စည်းကိရိယာ၊ အရေးပေါ်လွတ်မြောက်မှုအတွက် အသုံးပြုသော ပစ္စည်းကိရိယာ၊ မီးငြိမ်းသတ်ရာ၌ အသုံးပြုသည့် မီးသတ်ဆေးဘူး၊ မီးသတ်စက်၊ ရေစုပ်စက်၊ ယာဉ်အမျိုးမျိုး၊ ဆက်သွယ်ရေးကိရိယာ သို့မဟုတ် မီးငြိမ်းသတ်ရန်အသုံးပြုနိုင်သောပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။ ထို့အပြင် မီးသတ်တပ်ဖွဲ့မှ အသုံးပြုနေသည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများနှင့် မီးသတ်ဦးစီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

(င) **မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့်ပစ္စည်း**ဆိုသည်မှာ မီးလောင်လွယ်သောပစ္စည်းများ၊ မီးသွေး၊ ကျောက်မီးသွေး၊ ဓာတ်ငွေ့၊ ဓာတ်ငွေ့ရည်၊ ချို့ယွင်းပျက်စီးနေသော သို့မဟုတ် လျှပ်စစ်စီးဝင်နေသော လျှပ်စစ်ပစ္စည်းကိရိယာ၊ အရက်ပြန်၊ အရက်ဆီ၊ အက်စစ်၊ ဝါဂွမ်းနှင့် ဝါဂွမ်းအခြေခံပစ္စည်း၊ သစ်နှင့်သစ်အခြေခံပစ္စည်း၊ စက္ကူနှင့် စက္ကူအခြေခံပစ္စည်း၊ ရော်ဘာနှင့် ရော်ဘာအခြေခံပစ္စည်း၊ ပလတ်စတစ်နှင့် ပလတ်စတစ်အခြေခံပစ္စည်း၊ ရေနံနှင့်ရေနံထွက်ပစ္စည်း၊ ဓာတုဗေဒပစ္စည်း၊ အပူကို ဖြစ်ပေါ်စေသောပစ္စည်း စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် မီးသတ်ဦးစီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့်ပစ္စည်းအဖြစ် သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(စ) **မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်း**ဆိုသည်မှာ မီး၊ လောင်စာ၊ လျှပ်စစ်ဓာတ်အား သို့မဟုတ် မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် ပစ္စည်းများကို အသုံးပြုသော လုပ်ငန်းများကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါလုပ်ငန်းနှင့်ဆက်စပ်သော နေရာ၊ အဆောက်အအုံ သို့မဟုတ် ယာဉ်လည်း ပါဝင်သည်။

(ဆ) **ပေါက်ကွဲစေတတ်သည့်ပစ္စည်း**ဆိုသည်မှာ ဓာတုဗေဒပစ္စည်းအမျိုးမျိုး၊ ယမ်းအမျိုးမျိုး သို့မဟုတ် ယမ်းအသုံးပြုထားသောပစ္စည်း၊ ပေါက်ကွဲမှုကို ဖြစ်ပေါ်စေနိုင်သောအရာဝတ္ထုပစ္စည်းအမျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် မီးသတ်ဦးစီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပေါက်ကွဲစေတတ်သည့်ပစ္စည်းအဖြစ် သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(ဇ) **ဗဟိုအဖွဲ့**ဆိုသည်မှာ မီးဘေးလုံခြုံရေးဗဟိုအဖွဲ့ကို ဆိုသည်။

(ဈ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဝန်ကြီး**ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဋ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဌ) **မီးသတ်ဦးစီးမှူး**ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာန၏ အကြီးအမှူးကို ဆိုသည်။

(ဍ) **မီးသတ်တာဝန်ခံ**ဆိုသည်မှာ ဒေသတစ်ခုတွင် တာဝန်ပေးအပ်ခြင်းခံရသည့် အဆင့်အမြင့်ဆုံး မီးသတ်ဝန်ထမ်း သို့မဟုတ် မီးသတ်ဝန်ထမ်းမရှိသောနယ်မြေတွင် မီးသတ်ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် အဆင့်အမြင့်ဆုံး အရန်မီးသတ်တပ်ဖွဲ့ဝင်ကို ဆိုသည်။

(ဎ) **မီးသတ်ဝန်ထမ်း**ဆိုသည်မှာ မီးသတ်ဦးစီးဌာနတွင် ခန့်ထားခြင်းခံရသော နိုင်ငံ့ဝန်ထမ်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) နိုင်ငံပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပြည်သူတို့၏ အသက် အိုးအိမ် စည်းစိမ်များကို မီးဘေးနှင့် အခြားသဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု မဖြစ်ပွားစေရေးအတွက် ကာကွယ်ပေးရန်။

(ခ) မီးသတ်တပ်ဖွဲ့ကို စနစ်တကျဖွဲ့စည်း၍ မီးသတ်တပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်ကြားပေးရန်။

(ဂ) မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက် ဖြစ်ပွားသော ဘေးအန္တရာယ်တစ်မျိုးမျိုးကျရောက်သည့်အခါ မီးငြိမ်းသတ်ရေး၊ ကာကွယ်တားဆီးရေး၊ ရှာဖွေကယ်ဆယ်ရေးတို့ကို ဆောင်ရွက်ရန်။

(ဃ) ဘေးအန္တရာယ်တစ်မျိုးမျိုးကျရောက်သည့်အခါ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိရေး အတွက် ပညာပေးစည်းရုံးလှုံ့ဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်။

(င) နိုင်ငံတော်လုံခြုံရေးအတွက် လိုအပ်လာပါက စနစ်တကျဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ် အဖြစ် ပါဝင်ဆောင်ရွက်ရန်။

## အခန်း (၃)
## မီးဘေးလုံခြုံရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် -

(က) အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော မီးဘေးလုံခြုံရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည် -

(၁) ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်ထောင်စုနယ်မြေအစိုးရအဖွဲ့များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ — အဖွဲ့ဝင်

(၄) မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများ — အဖွဲ့ဝင်

(၅) သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ — အဖွဲ့ဝင်

(၆) မီးဘေးလုံခြုံရေးကို စိတ်ပါဝင်စားသည့် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ — အဖွဲ့ဝင်

(၇) ညွှန်ကြားရေးမှူးချုပ် မီးသတ်ဦးစီးဌာန — အတွင်းရေးမှူး

(၈) ဒုတိယညွှန်ကြားရေးမှူးချုပ် မီးသတ်ဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဗဟိုအဖွဲ့ကို ပြင်ဆင်ပြောင်းလဲဖွဲ့စည်းနိုင်သည်။

## အခန်း (၄)

## ဗဟိုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ဗဟိုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မီးဘေးလုံခြုံရေးဆိုင်ရာလုပ်ငန်းစဉ်များ ချမှတ်ခြင်း။

(ခ) သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ကာကွယ်ရေးနှင့် ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေးအတွက် မီးသတ်တပ်ဖွဲ့မှ ကူညီဆောင်ရွက်ရမည့် အစီအစဉ်များ ချမှတ်ခြင်း။

(ဂ) မီးဘေးလုံခြုံရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်း။

(ဃ) မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့်တို့၏ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း။

(င) မီးသတ်တပ်ဖွဲ့လုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း။

(စ) ပြည်တွင်း၊ ပြည်ပစေတနာရှင်များထံမှ လှူဒါန်းငွေများ၊ ပစ္စည်းများ လက်ခံရယူခြင်း၊ ယင်းလှူဒါန်းငွေများ၊ ပစ္စည်းများကို မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်တားဆီးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် စနစ်တကျအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း။

## အခန်း (၅)

## မီးဘေးလုံခြုံရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်း

၆။ ဗဟိုအဖွဲ့သည် မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့်ကို သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေမီးဘေးလုံခြုံရေးအဖွဲ့။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မီးဘေးလုံခြုံရေးအဖွဲ့။

(ဂ) ခရိုင်မီးဘေးလုံခြုံရေးအဖွဲ့။

(ဃ) မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့။

(င) မြို့မီးဘေးလုံခြုံရေးအဖွဲ့။

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မီးဘေးလုံခြုံရေးအဖွဲ့။

၇။ ဗဟိုအဖွဲ့သည် ပုဒ်မ (၆) ပါ မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ရမည်။

## အခန်း (၆)
## အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း

၈။ မီးသတ်ဦးစီးဌာနသည် -

(က) မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ မီးဘေး၊ အခြားသဘာဝဘေး အန္တရာယ်နှင့် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်များအတွက် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ မီးဘေးလုံခြုံရေးအသိပညာရပ်များ ပြည်သူလူထု အတွင်း စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် လှုံ့ဆော်ပညာပေးရာတွင်လည်းကောင်း မီးသတ်ဝန်ထမ်း များနှင့်အတူ စေတနာ့ဝန်ထမ်း ပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းထားရှိရမည်။

(ခ) အရန်မီးသတ်တပ်ဖွဲ့များကို မီးသတ်ဝန်ထမ်းများက လေ့ကျင့်သင်ကြားထားသော စေတနာ့ ဝန်ထမ်းမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်။

၉။ မီးသတ်ဦးစီးဌာနသည် -

(က) အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းပုံစည်းမျဉ်းကို ရေးဆွဲထားရှိရမည်။

(ခ) အရန်မီးသတ်တပ်ဖွဲ့ဝင်အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ရမည်။

(ဂ) အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားရေးနှင့် နည်းပညာများ ရရှိရေးတို့အတွက် ဆောင်ရွက်ရမည်။

(ဃ) အရန်မီးသတ်တပ်ဖွဲ့အဆင့်ဆင့်၏ ငွေကြေးဆိုင်ရာထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနည်းလမ်းများကို သတ်မှတ်ရမည်။

၁၀။ အသက် ၁၈ နှစ်ပြည့်ပြီးသူ မည်သူမဆို သတ်မှတ်ချက်များနှင့်အညီ အရန်မီးသတ်တပ်ဖွဲ့သို့ မိမိ ဆန္ဒအလျောက် ပါဝင်ခွင့်ရှိသည်။

၁၁။ မီးသတ်ဦးစီးဌာနသည် အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၁၂။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအစိုးရတို့သည် လိုအပ်ပါက အရန်မီးသတ်တပ်ဖွဲ့များ၏ အခြေခံလိုအပ်ချက်များနှင့် အုပ်ချုပ်မှုကိစ္စများအား ဖြည့်ဆည်းဆောင်ရွက် ပေးရမည်။

## အခန်း (၇)
## သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း

၁၃။ မီးသတ်ဦးစီးဌာနသည် -

(က) စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ ဈေး၊ လုပ်ငန်းဌာန၊ အဖွဲ့အစည်းနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်းများ၌ သီးသန့်မီးသတ်တပ်ဖွဲ့များကို ဖွဲ့စည်းထားရှိရန် သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူအား ညွှန်ကြားရမည်။

(ခ) စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ ဈေး၊ လုပ်ငန်းဌာန၊ အဖွဲ့အစည်းနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းတည်ထောင်ခွင့်ပြုရန် တင်ပြလာပါက သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၁၄။ သီးသန့်မီးသတ်တပ်ဖွဲ့သည် -

(က) သက်ဆိုင်ရာမီးသတ်ဦးစီးမှူး၏ ကြီးကြပ်မှုနှင့်စစ်ဆေးမှုကို ခံယူရမည်။

(ခ) မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ် ကျရောက်သည့်အခါတွင်လည်းကောင်း သက်ဆိုင်ရာမီးသတ်ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်။

(ဂ) မီးဘေးလုံခြုံရေးဆိုင်ရာပညာရပ်များ သင်ကြားလေ့ကျင့်ရေး၊ ကျွမ်းကျင်မှုရှိစေရေးနှင့် နည်းပညာများရရှိရေးအတွက် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားမှုကို ခံယူရမည်။

## အခန်း (၈)
## မီးဘေးလုံခြုံရေးလုပ်ငန်းများ

၁၅။ မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့်သည် -

(က) ဗဟိုအဖွဲ့က ချမှတ်ထားသော လုပ်ငန်းစဉ်များနှင့်အညီ မီးဘေးလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) မီးဘေးလုံခြုံရေးလုပ်ငန်းများတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိရန် ပညာပေးစည်းရုံးရမည်။

(ဂ) မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်ကျရောက်သည့်အခါ ဗဟိုအဖွဲ့က ချမှတ်ထားသည့် လုပ်ငန်းစဉ်များနှင့်အညီ မီးသတ်တပ်ဖွဲ့ဝင်များအားလုံး ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလိုကြီးကြပ်ကွပ်ကဲရမည်။

(ဃ) မီးဘေးလုံခြုံရေး ကြိုတင်သတိပေးအဖွဲ့များအား သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်း၍ တာဝန်ချထားရမည်။

၁၆။ မြို့နယ်မီးသတ်ဦးစီးမှူးသည် -

(က) မြို့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ လိုက်နာရမည့် မီးဘေးလုံခြုံရေးဆိုင်ရာညွှန်ကြားချက်များကို အခါအားလျော်စွာထုတ်ပြန်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို မြို့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ လိုက်နာခြင်း ရှိ၊ မရှိ လိုအပ်သလို စစ်ဆေးခြင်း၊ စစ်ဆေးစေခြင်းပြုရမည်။

၁၇။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် အောက်ပါကိစ္စရပ်များအတွက် ခွင့်ပြုမိန့်ထုတ်မပေးမီ မီးဘေးလုံခြုံရေးကိစ္စအလို့ငှာ မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာစစ်ဆေးထောက်ခံချက်ကို ရယူရမည် -

(က) သုံးထပ်နှင့်အထက်ရှိ အဆောက်အအုံများ၊ စုပေါင်းပိုင်အိမ်ရာများ၊ ဈေးများ၊ လူအများအပြားစုဝေးအသုံးပြုသည့် အဆောက်အအုံများ ဆောက်လုပ်ခြင်း။

(ခ) ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်ခြင်း။

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံနှင့် သိုလှောင်ကန်များ ဆောက်လုပ်ခြင်း သို့မဟုတ် တည်ဆောက်ခြင်း။

(ဃ) မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်း သို့မဟုတ် ပေါက်ကွဲစေတတ်သည့်ပစ္စည်း အသုံးပြု၍ လုပ်ငန်းလုပ်ကိုင်ခြင်း။

(င) မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း။

(စ) မော်တော်ယာဉ်၊ မီးရထား၊ လေယာဉ်၊ ရဟတ်ယာဉ်၊ သင်္ဘော၊ စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ် တို့ကို အသုံးပြု၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း။

၁၈။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် မြို့ပြ၊ ကျေးရွာတည်ဆောက်ရေးနှင့် မြို့ပြ၊ ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ စက်မှုဇုန်နှင့် စီးပွားရေးဇုန်စီမံကိန်းများ ရေးဆွဲရာတွင် မီးဘေးလုံခြုံရေးကိစ္စအလို့ငှာ မီးသတ်ဦးစီးဌာန၏ သဘောထားကို ရယူရမည်။

၁၉။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးနိုင်သူသည် အများပြည်သူဆိုင်ရာနေရာများတွင် ပြပွဲ၊ ပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲနှင့် ဘာသာရေးဆိုင်ရာပွဲများ ကျင်းပခြင်း သို့မဟုတ် မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရာ၌ မီးဘေးလုံခြုံရေးကိစ္စအလို့ငှာ သက်ဆိုင်ရာမီးသတ်ဦးစီးမှူး၏ သဘောထား ရယူရမည်။

## အခန်း (၉)
## မီးလောင်မှုနှင့်စပ်လျဉ်းသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၀။ မီးလောင်မှုဖြစ်ပွားသည့်အခါ သက်ဆိုင်ရာမီးသတ်တာဝန်ခံကဖြစ်စေ၊ သက်ဆိုင်ရာမီးဘေးလုံခြုံရေး အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ၊ ယင်းတို့၏ တာဝန်ပေးအပ်ခြင်းခံရသော မီးသတ်ဝန်ထမ်း သို့မဟုတ် အရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ မီးငြိမ်းသတ်ရေးနှင့်သက်ဆိုင်သော အောက်ပါလုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခွင့်ရှိသည် -

(က) လျှပ်စစ်မီးဖြတ်တောက်ခြင်း။

(ခ) ရေနံနှင့်ဓာတ်ငွေ့ပိုက်လိုင်းများ ပိတ်ဆို့ဖြတ်တောက်ခြင်း။

(ဂ) မီးသတ်ယာဉ်များ အလွယ်တကူဝင်ထွက်သွားလာနိုင်ရေးအတွက် လမ်းများ ရှင်းလင်းခြင်း။

(ဃ) ထိရောက်စွာမီးငြိမ်းသတ်နိုင်ရေးအတွက် လိုအပ်သည့် နေအိမ်၊ ဥပစာနှင့် အဆောက်အအုံ အတွင်းသို့ ဝင်ရောက်ခြင်း။

(င) မီးကူးစက်ရန် အကြောင်းရှိသည့် နေအိမ်၊ ဥပစာနှင့် အဆောက်အအုံများကို လိုအပ်သည့် အတိုင်းအတာအထိ ဖြိုဖျက်ခြင်း။

(စ) ရေရရှိရေးအတွက် မည်သည့်နေရာ၊ ရေတွင်း၊ ရေကန်၌မဆို ရေရယူခြင်းနှင့် ရေပိုမိုရရှိစေရန် အခြားပိုက်လိုင်းများကို ပိတ်ဆို့ခြင်း။

(ဆ) မီးငြိမ်းသတ်ရေးလုပ်ငန်းအတွက် မည်သည့်ယာဉ်ကိုမဆို ရယူအသုံးပြုခြင်း။

၂၁။ မြို့နယ်မီးသတ်ဦးစီးမှူးသည် မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်း၊ မီးလောင်ဆုံးရှုံးမှု ခန့်မှန်း တန်ဖိုးနှင့် မီးလောင်မှုအတွက် တာဝန်ရှိသူတို့ကို အမြန်ဆုံးစုံစမ်းစစ်ဆေးရမည်။ ယင်းစုံစမ်းစစ်ဆေး တွေ့ရှိချက်များကို ညွှန်ကြားရေးမှူးချုပ်ထံ အဆင့်ဆင့်တင်ပြရမည်။

၂၂။ (က) ဝန်ကြီးသည် လိုအပ်ပါက မီးလောင်မှုကို စုံစမ်းစစ်ဆေးတင်ပြစေရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းသည့်အခါ ပုဒ်မ ၂၁ အရ ပြုလုပ်သော စုံစမ်းစစ်ဆေးခြင်းကို ရပ်ဆိုင်း၍ စုံစမ်းစစ်ဆေးပြီးသမျှကို စုံစမ်းစစ်ဆေးရေးအဖွဲ့သို့ လွှဲအပ်တင်ပြရမည်။

## အခန်း (၁၀)

## ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၃။ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မြို့ပြ၊ ကျေးရွာတည်ဆောက်ရေးနှင့် မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ၊ စက်မှုဇုန်နှင့် စီးပွားရေးဇုန်စီမံကိန်းများတွင် မီးဘေးလုံခြုံရေးနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်း။

(ခ) မီးသတ်ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း။

(ဂ) မီးသတ်တပ်ဖွဲ့များအား ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း။

(ဃ) မီးဘေးလုံခြုံရေးဆိုင်ရာသင်တန်းများနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းများ ဖွင့်လှစ်ခြင်း။

(င) မီးသတ်တပ်ဖွဲ့ဝင်များအား ပြည်တွင်းပြည်ပသင်တန်းများ တက်ရောက်စေရန် စီစဉ်ဆောင်ရွက်ခြင်း။

(စ) မီးငြိမ်းသတ်ရာတွင်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်ကို တားဆီးကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ရာတွင်လည်းကောင်း စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် တာဝန်သိပြည်သူတို့အား ဆုချီးမြှင့်ခြင်း သို့မဟုတ် ဘွဲ့ထူး၊ ဂုဏ်ထူး ချီးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာသို့ ထောက်ခံတင်ပြခြင်း။

(ဆ) မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဦးသည် မီးငြိမ်းသတ်ရေး၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးတာဝန်ထမ်းဆောင်ရာတွင် သေဆုံးမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိပါက သတ်မှတ်ချက်များနှင့်အညီ လျော်ကြေး သို့မဟုတ် ကရုဏာကြေး ရရှိစေရန် ဆောင်ရွက်ခြင်း။

(ဇ) မီးဘေးအန္တရာယ်နှင့် အခြားသောသဘာဝဘေးအန္တရာယ်တို့ကို ပြည်သူများ နားလည်သဘောပေါက်စေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဈ) မီးဘေးလုံခြုံရေး၊ သဘာဝဘေးကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း။

(ည) အရန်မီးသတ်တပ်ဖွဲ့ဝင်ဦးရေ တိုးတက်များပြားလာစေရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း။

(ဋ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အပြည်ပြည်ဆိုင်ရာမီးသတ်အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

(ဌ) ဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့က ပေးအပ်သော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၁၁)

## တားမြစ်ချက်များ

၂၄။ မည်သူမျှ သက်ဆိုင်ရာမြို့နယ်မီးသတ်ဦးစီးမှူးက ပုဒ်မ ၁၆ အရ ထုတ်ပြန်သည့် မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်ကို လိုက်နာရန်ပျက်ကွက်ခြင်းမရှိစေရ။

၂၅။ စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ ဈေး၊ လုပ်ငန်းဌာန၊ အဖွဲ့အစည်း သို့မဟုတ် မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ -

(က) သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းထားရန် ပျက်ကွက်ခြင်းမရှိစေရ။

(ခ) မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာများကို ထားရှိရန် ပျက်ကွက်ခြင်းမရှိစေရ။

၂၆။ မည်သူမျှ မီးလောင်မှုဖြစ်ပွားခြင်းမရှိကြောင်း သိရှိလျက်နှင့် မီးလောင်မှုဖြစ်ပွားကြောင်း မီးသတ်တပ်ဖွဲ့သို့ လိမ်လည်၍ သတင်းပေးတိုင်ကြားခြင်းမပြုရ။

၂၇။ မည်သူမျှ မီးငြိမ်းသတ်ရန် ထွက်ခွာလာသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်များအား တာဝန်ရှိသူမှအပ လမ်းပိတ်ဆို့ခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ ရန်ပြုခြင်း၊ မီးလောင်မှုနှင့် မသက်ဆိုင်သည့် နေရာသို့ တစ်နည်းနည်းဖြင့် လမ်းပြခေါ်ယူခြင်းမပြုရ။

၂၈။ မည်သူမျှ မီးလောင်မှုဖြစ်ပွားသည့်အခါ သက်ဆိုင်ရာမီးသတ်တာဝန်ခံကဖြစ်စေ၊ သက်ဆိုင်ရာမီးဘေး လုံခြုံရေးအဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ၊ ယင်းတို့ကတာဝန်ပေးအပ်ခြင်းခံရသော မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဦးက ဖြစ်စေ ပုဒ်မ ၂၀ ပါ လုပ်ပိုင်ခွင့်တစ်ရပ်ရပ် ဆောင်ရွက်ခြင်းကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း မပြုရ။

၂၉။ မည်သူမျှ မီးစတင်လောင်သောနေရာနှင့် မီးလောင်မှုအကြောင်းရင်းအား သက်ဆိုင်ရာမှ စုံစမ်း ဖော်ထုတ် အတည်မပြုမီကာလအတွင်း မီးလောင်ပြင်နေရာရှိ သက်သေခံပစ္စည်းများကို ဖယ်ရှားခြင်း၊ ရှင်းလင်းခြင်း၊ ပြောင်းရွှေ့ခြင်းမပြုရ။

၃၀။ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်မရရှိဘဲ အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ် သီးသန့်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခြင်းမပြုရ။

၃၁။ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်အရ ဖွဲ့စည်းတည်ထောင် ထားသော အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ် သီးသန့်မီးသတ်တပ်ဖွဲ့ကို ယင်း၏သဘောတူညီချက်မရရှိဘဲ ဖျက်သိမ်းခြင်းမပြုရ။

၃၂။ မီးလောင်မှုဖြစ်ပွားရာတွင် တာဝန်ထမ်းဆောင်နေသော မည်သည့်မီးသတ်တပ်ဖွဲ့ဝင်မျှ ပိုင်ရှင် ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ပစ္စည်း၊ တံစိုးလက်ဆောင် သို့မဟုတ် ငွေကြေးတစ်စုံတစ်ရာကို အဂတိလိုက်စားသောနည်းဖြင့်သော်လည်းကောင်း၊ မသမာသောနည်းဖြင့်သော်လည်းကောင်း ရယူခြင်းမပြုရ။

## အခန်း (၁၂)
## ပြစ်ဒဏ်များ

၃၃။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၄။ စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ ဈေး၊ လုပ်ငန်းဌာန၊ အဖွဲ့အစည်း သို့မဟုတ် မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူ မည်သူမဆို ပုဒ်မ ၂၅ ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၅။ မည်သူမဆို ပုဒ်မ ၂၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ပုဒ်မ ၂၇ သို့မဟုတ် ၂၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၇။ မည်သူမဆို ပုဒ်မ ၂၉ ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈။ မည်သူမဆို ပုဒ်မ ၃၀ သို့မဟုတ် ၃၁ ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၉။ မီးသတ်တပ်ဖွဲ့ဝင်မည်သူမဆို ပုဒ်မ ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

## အခန်း (၁၃)

## အထွေထွေ

၄၀။ မီးဘေးလုံခြုံရေးကိစ္စအလို့ငှာ လိုအပ်သည့် စစ်ဆေးဆောင်ရွက်ချက်များအတွက် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက ဝန်ဆောင်ခကို မီးသတ်ဦးစီးဌာနသို့ ပေးဆောင်ရမည်။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝန်ဆောင်ခကို သတ်မှတ်ရမည်။

၄၁။ မီးလောင်မှုဖြစ်ပွားရာတွင် သဘောရိုးဖြင့် မီးငြိမ်းသတ်ခြင်းကြောင့် ဖြစ်ပေါ်သည့် ပျက်စီးဆုံးရှုံးမှုအတွက်လည်းကောင်း၊ မီးငြိမ်းသတ်ရန် မီးသတ်ယာဉ်များကို မောင်းနှင်ထွက်ခွာရာတွင် နည်းလမ်းတကျ မောင်းနှင်ပါလျက် မတော်တဆဖြစ်ပွားမှုအတွက်လည်းကောင်း၊ မည်သူကိုမျှ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခွင့်မရှိစေရ။

၄၂။ ဤဥပဒေ သို့မဟုတ် ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သော အရန်မီးသတ်တပ်ဖွဲ့ဝင်နှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်တို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၄၃။ ဤဥပဒေအရ အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်ရမည်။

၄၄။ ၁၉၆၃ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့တို့သည် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် မီးသတ်တပ်ဖွဲ့များဖြစ်သည်ဟု မှတ်ယူရမည်။

၄၅။ ၁၉၆၃ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေနှင့် ၁၉၉၇ ခုနှစ် မီးသတ်တပ်ဖွဲ့ဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ရမည်။

(ခ) ဝန်ကြီးဌာန၊ ဗဟိုအဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရမည်။

၄၇။ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၈/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် )

**နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်**
**ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၈။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၈ ။ )**

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံ လက်မှတ်ကိုင်ဆောင်ထားသူဖြစ်ခြင်း" ဆိုသည့် စကားရပ်ကို "နိုင်ငံသားဖြစ်ခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဃ) တွင် ပါရှိသော "ပုဒ်မ ၄ ပါ အချက်များနှင့် ညီညွတ်သော ပါတီတည်ထောင်လိုသူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးနေ့သက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ ဧည့်နိုင်ငံသား လက်မှတ်အမှတ်၊ နိုင်ငံသားပြုခွင့်လက်မှတ်အမှတ် သို့မဟုတ် ယာယီသက်သေခံလက်မှတ်အမှတ်" ဆိုသည့် စကားရပ်ကို "ပုဒ်မ ၄ ပါ အချက်များနှင့် ညီညွတ်သော ပါတီတည်ထောင်လိုသူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူဖြစ်ခြင်း" ဆိုသည့် စကားရပ်ကို "နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ ၏ နောက်တွင် ပုဒ်မ ၂၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၂၅-က။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမပြဋ္ဌာန်းမီ မူလနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ တည်ရှိခဲ့သည့် နိုင်ငံရေးပါတီများသည် ဤပြင်ဆင်သည့် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံရေးပါတီနှင့်ပါတီဝင်များဖြစ်သည်ဟု မှတ်ယူရမည်။ ယင်းပါတီများကို ဤပြင်ဆင်သည့် ဥပဒေနှင့်အညီ ပြင်ဆင်လုပ်ကိုင်ဆောင်ရွက်ရန်အတွက် သင့်လျော်သည့်အချိန်ကာလတစ်ခုကို ကော်မရှင်က ညှိနှိုင်းသတ်မှတ်ပေးရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် )

**မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၉။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေ

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၉ ။ )

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဗိသုကာပညာ**ဆိုသည်မှာ လူနေမှုဘဝတိုးတက်မြင့်မားမှု၊ ဘေးအန္တရာယ်ကာကွယ်မှု၊ လုံခြုံမှု၊ သက်သောင့်သက်သာရှိမှုနှင့် အသုံးပြုရန်လိုအပ်ချက်ပြည့်စုံမှုသာမက အမြင်တင့်တယ်မှုတို့အတွက် ရည်ရွယ်၍ ပတ်ဝန်းကျင်ဂေဟစနစ် မပျက်စီးစေသော မြို့ကွက်ဒီဇိုင်းရေးဆွဲစီမံခြင်း၊ အများပြည်သူသုံး အဆောက်အအုံများ၊ စက်ရုံအလုပ်ရုံများနှင့် ပုဂ္ဂလိက အဆောက်အအုံများကို ဒီဇိုင်းပုံစံထုတ်ဖန်တီးခြင်း၊ တီထွင်ကြံဆခြင်း၊ သုတေသနပြုခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့် ပညာရပ်ဖြန့်ဖြူးခြင်းတို့ အပါအဝင် လူမှုဘဝပတ်ဝန်းကျင်တွင် တည်ဆောက်ဖန်တီးသော ပညာရပ်ကို ဆိုသည်။

(ခ) **တာဝန်ခံဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သော ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။

(ဂ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံဗိသုကာကောင်စီကို ဆိုသည်။

(ဃ) **ကောင်စီဝင်**ဆိုသည်မှာ မြန်မာနိုင်ငံဗိသုကာကောင်စီဝင်တစ်ဦးဦးကို ဆိုသည်။

(င) **အလုပ်အမှုဆောင်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံဗိသုကာအလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်။

(စ) **နည်းပညာကျွမ်းကျင်သူ**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော ဗိသုကာဒီပလိုမာရရှိသူကို ဆိုသည်။

(ဆ) **ဘွဲ့ရနည်းပညာကျွမ်းကျင်သူ**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော ဗိသုကာနည်းပညာဘွဲ့ရရှိသူကို ဆိုသည်။

(ဇ) **ဗိသုကာ**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော ဗိသုကာပညာဘွဲ့ရရှိသူကို ဆိုသည်။

(ဈ) **ဗိသုကာပညာရှင်**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးထားသော အကြီးတန်းဗိသုကာလိုင်စင် သို့မဟုတ် ဗိသုကာလိုင်စင်ရရှိသူကို ဆိုသည်။

(ည) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်နှင့် ဗိသုကာမှတ်ပုံတင်လက်မှတ်တို့ကို ဆိုသည်။

(ဋ) **ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ပြည်တွင်းပြည်ပရှိ ဗိသုကာပညာ၊ နည်းပညာ၊ အင်ဂျင်နီယာပညာဆိုင်ရာတက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံတစ်ခုခုက အပ်နှင်းသော ဗိသုကာနည်းပညာဘွဲ့ သို့မဟုတ် ဗိသုကာဒီပလိုမာရရှိသူအား ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်နှင့် နည်းပညာ ကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်တို့ကို ဆိုသည်။

(ဌ) **ဗိသုကာမှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်ဗိသုကာလက်မှတ်၊ ဗိသုကာလိုင်စင်၊ အကြီးတန်းဗိသုကာလိုင်စင်နှင့် နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ်တို့ကို ဆိုသည်။

(ဍ) **မှတ်ပုံတင်ဗိသုကာလက်မှတ်**ဆိုသည်မှာ ဗိသုကာပညာဆိုင်ရာဘွဲ့ရရှိပြီး သတ်မှတ်အရည်အချင်းပြည့်မီသူအားလည်းကောင်း၊ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ် ရရှိထားပြီး သတ်မှတ်အရည်အချင်းပြည့်မီသူအားလည်းကောင်း ကောင်စီက ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဎ) **ဗိသုကာလိုင်စင်**ဆိုသည်မှာ မှတ်ပုံတင်ဗိသုကာလက်မှတ်ရရှိပြီး ဗိသုကာပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ သတ်မှတ်အရည်အချင်းပြည့်မီသော ဗိသုကာပညာရှင်အား ကောင်စီက ထုတ်ပေးသော အသိအမှတ်ပြုလိုင်စင်ကို ဆိုသည်။

(ဏ) **အကြီးတန်းဗိသုကာလိုင်စင်**ဆိုသည်မှာ ဗိသုကာလိုင်စင်ရရှိပြီး သတ်မှတ်အရည်အချင်းပြည့်မီသော ဗိသုကာပညာရှင်အား ကောင်စီက ထုတ်ပေးသော အသိအမှတ်ပြုလိုင်စင်ကို ဆိုသည်။

(တ) **နိုင်ငံခြားသားဗိသုကာမှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသားဗိသုကာပညာရှင်အား လုပ်ကိုင်ခွင့်ပြုထားသည့် ဗိသုကာပညာ အမျိုးအစား၊ အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသည့်နေရာဒေသနှင့် အချိန်ကာလ ကန့်သတ်ချက်များဖြင့် ကောင်စီက ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဗိသုကာပညာဆိုင်ရာ လုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် အရည်အသွေးတို့ကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ခ) ဗိသုကာပညာကို အကျိုးရှိထိရောက်စွာ အသုံးချခြင်းဖြင့် နိုင်ငံတော်နှင့် အများပြည်သူတို့၏ လူနေမှုပတ်ဝန်းကျင် အဆင့်အတန်းမြင့်မားလုံခြုံမှုရှိရန်၊

(ဂ) ဗိသုကာပညာနှင့် နည်းပညာသင်ကြားမှု၊ သုတေသနပြုမှု၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် သတ်မှတ်ထားသော ပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းပြည့်မီရေး၊ နည်းစနစ်မှန်ကန်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျင့်ဝတ်သိက္ခာထိန်းသိမ်းစောင့်စည်းရေးတို့အတွက် လမ်းညွှန်ကြီးကြပ်ထိန်းသိမ်းရန်၊

(ဃ) ဗိသုကာပညာဖွံ့ဖြိုးတိုးတက်ရေး၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရေး၊ နည်းပညာများသင်ကြားရေး၊ လုပ်ငန်းကျွမ်းကျင်မှုလေ့ကျင့်ရေး၊ အတတ်ပညာများ၊ နည်းပညာများ နှီးနှောဖလှယ်ရေး၊ ဗိသုကာပညာဆိုင်ရာ အတွေ့အကြုံများ ပြန့်ပွားရေးတို့တွင် ဒေသဆိုင်ရာ အပါအဝင် နိုင်ငံတကာပညာရှင် အဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ၊ သုတေသနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတွင် စနစ်ကျနသော ဦးဆောင်မှုပေးနိုင်ရန်။

## အခန်း (၃)
## မြန်မာနိုင်ငံဗိသုကာကောင်စီဖွဲ့စည်းခြင်း

၄။ တာဝန်ခံဝန်ကြီးဌာနသည် မြန်မာနိုင်ငံဗိသုကာကောင်စီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | တာဝန်ခံဝန်ကြီးဌာနမှ သင့်လျော်သော ဗိသုကာ | ၄ ဦး |
| (ခ) | ဗိသုကာပညာသင်ကြားရေးဆိုင်ရာ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ သင့်လျော်သော ဗိသုကာနှင့် ယင်းတို့၏ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အနည်းဆုံး တစ်ဦးစီ ပါဝင်သည့် ဗိသုကာ | ၅ ဦး |
| (ဂ) | နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သင့်လျော်သော ဗိသုကာ | ၁ ဦး |
| (ဃ) | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သင့်လျော်သော ဗိသုကာ | ၁ ဦး |
| (င) | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သင့်လျော်သော ဗိသုကာ | ၁ ဦး |
| (စ) | အစိုးရမဟုတ်သော ဗိသုကာပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များမှ ရွေးကောက်ခံ ဗိသုကာပညာရှင် | ၁၈ ဦး |
| (ဆ) | ဝါရင့်ဗိသုကာပညာရှင် | ၃ ဦး |

၅။ ကောင်စီဝင်များသည် ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌနှစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးနှစ်ဦးနှင့် ဘဏ္ဍာရေးမှူးတစ်ဦးတို့ကို သတ်မှတ်ချက်များနှင့်အညီ မိမိတို့ကောင်စီဝင်များထဲမှ ရွေးကောက်တင်မြှောက်ရမည်။

၆။ ကောင်စီဝင်များသည် ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ကောင်စီဥက္ကဋ္ဌက အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌများက ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူးများက တွဲဖက်အတွင်းရေးမှူးများအဖြစ်လည်းကောင်း၊ ကောင်စီဘဏ္ဍာရေးမှူးက ဘဏ္ဍာရေးမှူးအဖြစ်လည်းကောင်း၊ ကျန်ရှိသော ကောင်စီဝင်များအနက်မှ သတ်မှတ်ချက်များနှင့်အညီ ရွေးကောက်တင်မြှောက်ထားသော အဖွဲ့ဝင်ရှစ်ဦးက အဖွဲ့ဝင်များအဖြစ်လည်းကောင်း စုစုပေါင်း တစ်ဆယ့်ငါးဦး ပါဝင်စေလျက် မြန်မာနိုင်ငံဗိသုကာအလုပ်အမှုဆောင်အဖွဲ့ကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။

၇။ ကောင်စီနှင့် ကောင်စီဝင်များ၏ သက်တမ်းကို အောက်ပါအတိုင်း သတ်မှတ်ရမည် -

(က) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ လေးနှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းနှင့်အညီဖြစ်သည်။

(ဂ) ကောင်စီဥက္ကဋ္ဌသည် ကောင်စီသက်တမ်းတစ်ကြိမ်သာ ဆောင်ရွက်ခွင့်ရှိသည်။

(ဃ) ကောင်စီဝင်တစ်ဦးသည် ကောင်စီသက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်အထိ ဆောင်ရွက်နိုင်သည်။

(င) ကောင်စီဝင်တစ်ဦး၏ နေရာလစ်လပ်သည့်အခါ ဤဥပဒေအရ ထုတ်ပြန်သောနည်းဥပဒေများနှင့်အညီ ဖြည့်စွက်ရမည်။ ထိုသို့ ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် လက်ရှိကောင်စီသက်တမ်းကုန်ဆုံးချိန်အထိသာ ဖြစ်ရမည်။

(စ) ပုဒ်မခွဲ (င) အရ ဖြည့်စွက်ထမ်းဆောင်သော ကာလသည် ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ သက်တမ်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ဆ) လက်ရှိကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ပုဒ်မ ၄ အရ ကောင်စီအသစ်ကို ရက်ပေါင်း ၆၀ အတွင်း ဖွဲ့စည်းပြီး စတင်တာဝန်ထမ်းဆောင်ချိန်အထိ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

## အခန်း (၄)
## ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကောင်စီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကောင်စီက အသိအမှတ်ပြုသော ဗိသုကာပညာဘွဲ့၊ ဗိသုကာနည်းပညာဘွဲ့နှင့် ဗိသုကာ ဒီပလိုမာများကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ခ) နိုင်ငံတကာ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ဗိသုကာပညာနှင့် သက်ဆိုင်သောတက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံပညာရေးအဖွဲ့များကို အသိအမှတ်ပြုအမည်စာရင်းထုတ်ပြန်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ လိုအပ်သော အကြံဉာဏ်ပေးခြင်း၊ အကူအညီပေးခြင်း၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရန် အလို့ငှာ ပြည်တွင်းပြည်ပရှိ ဗိသုကာပညာ၊ နည်းပညာ၊ အင်ဂျင်နီယာပညာဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံတစ်ခုခုက အပ်နှင်းသည့်ဘွဲ့၊ ဒီပလိုမာရရှိသူများကို အသိအမှတ်ပြုခြင်းနှင့် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ဃ) ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရန် အလို့ငှာ ဗိသုကာပညာဘွဲ့၊ ဗိသုကာနည်းပညာဘွဲ့နှင့် ဗိသုကာဒီပလိုမာရရှိသူများ တတ်မြောက်ရန် လိုအပ်သော အရည်အချင်းများကို သတ်မှတ်ခြင်း၊

(င) ဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများ သတ်မှတ်ခြင်းနှင့် ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) ဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ စိစစ်ခြင်းနှင့် လိုအပ်ပါက အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်စာရင်းပြုစုထားရှိခြင်းနှင့် ယင်းစာရင်းကို အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(ဇ) ဗိသုကာပညာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းများ၏ အရည်အသွေး၊ အဆင့်အတန်းထိန်းသိမ်းမြှင့်တင်ရန် လိုအပ်သော စံချိန်စံညွှန်းများနှင့် ဗိသုကာပညာဆိုင်ရာ ကျင့်ထုံးများပြုစုရေးအတွက် တာဝန်ခံဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသို့ အကြံပြုခြင်း၊ ပံ့ပိုးကူညီခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) ဗိသုကာပညာနှင့် နည်းပညာဆိုင်ရာ သင်ကြားမှုအဆင့်အတန်းမြင့်မားစေရန်နှင့် အရည်အသွေးပြည့်ဝသော ဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ ပေါ်ပေါက်စေရန် နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော ဗိသုကာပညာနှင့်နည်းပညာဆိုင်ရာ ပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ တာဝန်ခံဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် ပံ့ပိုးကူညီခြင်း၊

(ည) ဗိသုကာပညာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များနှင့်အညီ ဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ စဉ်ဆက်မပြတ် လေ့လာသင်ကြားမှု ရရှိနိုင်စေရန် တာဝန်ခံဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် ပံ့ပိုးကူညီခြင်း၊

(ဋ) ဗိသုကာပညာနှင့် နည်းပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတွေ့နှင့်လက်တွေ့ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့်ညီလာခံများကို ကြီးမှူးကျင်းပခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့ အစည်းအဝေးများ၊ ညီလာခံများသို့ နိုင်ငံကိုယ်စားပြု၍ ပါဝင်တက်ရောက်နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊

(ဌ) ဗိသုကာပညာနှင့် နည်းပညာဆိုင်ရာ အဆင့်အတန်းမြင့်မားစေရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် ပံ့ပိုးကူညီခြင်း၊

(ဍ) ပြည်တွင်းပြည်ပ အတိုင်ပင်ခံ ဗိသုကာပညာရှင်များနှင့် ဗိသုကာပညာဆိုင်ရာ လုပ်ငန်းနှင့် သက်ဆိုင်သော ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ကန်ထရိုက်တာနှင့် ကန်ထရိုက်လုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းအခြေခံစံနှုန်းများ ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ရန် တာဝန်ခံဝန်ကြီးဌာနမှ အကြောင်းကြားလာပါက စိစစ်၍ သဘောထား ပြန်ကြားခြင်း၊

(ဎ) ဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများကို စုံစမ်းခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(ဏ) မှတ်ပုံတင်အရာရှိချုပ် ခန့်အပ်ခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(တ) တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ အသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း -

(၁) မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီ၊

(၂) ဗိသုကာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ်အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီ၊

(၃) ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊

(၄) စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊

(၅) စံချိန်စံညွှန်းနှင့် ဗိသုကာပညာဆိုင်ရာ ကျင့်ထုံးများပြုစုရေးလုပ်ငန်းကော်မတီ၊

(၆) ဗိသုကာပညာစဉ်ဆက်မပြတ် သင်ကြားရေးလုပ်ငန်းကော်မတီ၊

(၇) ဗိသုကာပညာဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများ စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ၊

(၈) အခြားလိုအပ်သော လုပ်ငန်းကော်မတီများ။

(ခ) ဗိသုကာပညာအလိုက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ သီးခြားကင်းလွတ်ခွင့်များ သတ်မှတ်ပေးခြင်းနှင့် လိုအပ်သော စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊

(င) မှတ်ပုံတင်လက်မှတ်နှင့်စပ်လျဉ်း၍ သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(စ) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ကြေးနှင့် မှတ်ပုံတင်သက်တမ်းတိုးရန် ပျက်ကွက်သည့် ရက်လွန်ကြေးတို့ကို သတ်မှတ်ခြင်း၊

(ဆ) နိုင်ငံတော်အတွက် အကျိုးပြုမည့်ကိစ္စရပ်များကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းပြည်ပရှိ ဗိသုကာပညာရှင်၊ နည်းပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း။

၁၀။ ကောင်စီသည် ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၁။ ကောင်စီသည် ရုံးလုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်အရာရှိချုပ်ဦးဆောင်သော ရုံးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။ ထို့ပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် မှတ်ပုံတင်အရာရှိ တစ်ဦးဦးဆောင်သော ရုံးအဖွဲ့ခွဲများကိုလည်း ဖွဲ့စည်းနိုင်သည်။

## အခန်း (၅)
## ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း

၁၂။ ကောင်စီသည် အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ အလုပ်အမှုဆောင်အဖွဲ့၏ အဆိုပြုချက်ဖြင့် ကောင်စီဝင်တစ်ဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည် -

(က) နုတ်ထွက်ခြင်း၊

(ခ) ကောင်စီအစည်းအဝေး သို့မဟုတ် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်ရန် ခွင့်ပန်ကြားခြင်းမရှိဘဲ သုံးကြိမ်ဆက်တိုက် ပျက်ကွက်ခြင်း၊

(ဂ) ခွင့်ပန်ကြားခြင်းမရှိဘဲ ကောင်စီနှင့် ခြောက်လနှင့်အထက် ကင်းကွာခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(င) အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်မှုကြောင့် ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(စ) ကိုယ်ကျင့်တရား ပျက်ယွင်းသည်ဟု စစ်ဆေးတွေ့ရှိခြင်း၊

(ဆ) စိတ်ရောဂါစွဲကပ်ခြင်း သို့မဟုတ် အသိဉာဏ်ပျက်ယွင်းခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(ဇ) ကွယ်လွန်ခြင်း။

## အခန်း (၆)

## အစည်းအဝေးများ ကျင်းပခြင်း

၁၃။ အစည်းအဝေးများကို အောက်ပါအတိုင်း သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည် -

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို သုံးလလျှင် အနည်းဆုံးတစ်ကြိမ်ကျင်းပခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးကျင်းပခြင်း၊

(ခ) အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို တစ်လလျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးကျင်းပခြင်း၊

(ဂ) ကောင်စီဝင်ဦးရေ၏ အနည်းဆုံးလေးပုံတစ်ပုံက စာဖြင့် ရေးသားတောင်းဆိုလျှင် အထူးအစည်းအဝေး ခေါ်ယူခြင်း။

၁၄။ အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံးကျင်းပမည့် အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၁၅။ ကောင်စီသည် မိမိ၏ ဆောင်ရွက်ချက်များကို တာဝန်ခံဝန်ကြီးဌာနသို့ ခြောက်လလျှင်တစ်ကြိမ် တင်ပြရမည်။ လိုအပ်ပါက အခါအားလျော်စွာ အသိပေးတင်ပြနိုင်သည်။

## အခန်း (၇)

## ဘဏ္ဍာရေး

၁၆။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေတစ်ရပ် ထူထောင်ရမည် -

(က) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးရန် ပျက်ကွက်သည့် ရက်လွန်ကြေးနှင့် အခြားရခွင့်ရှိသောငွေများ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ။

၁၇။ ကောင်စီသည် -

(က) မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်ရမည်။

(ခ) ရန်ပုံငွေလုံလောက်မှုမရှိပါက တာဝန်ခံဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

၁၈။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ရမည်။

## အခန်း (၈)

## ကျွမ်းကျင်မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့်ထုတ်ပေးခြင်း

၁၉။ ပြည်တွင်းပြည်ပရှိ ဗိသုကာပညာ၊ နည်းပညာ၊ အင်ဂျင်နီယာပညာဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံတစ်ခုခုက အပ်နှင်းသော ဗိသုကာနည်းပညာဘွဲ့ သို့မဟုတ် ဗိသုကာဒီပလိုမာရရှိသူသည် ကျွမ်းကျင်မှတ်ပုံတင်လက်မှတ် ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၀။ (က) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၁၉ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းစေ၍ စည်းကမ်းချက်များ သတ်မှတ်ပြီး ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို ထုတ်ပေးသည့်အခါ ယင်းကျွမ်းကျင်မှတ်ပုံတင်လက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၁။ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ် ရရှိသူသည် မိမိ၏ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။ ယင်းသို့သတ်မှတ်ထားသည့် ကာလကျော်လွန်သွားပါက သတ်မှတ်ချက်များနှင့်အညီ ရက်လွန်ကြေးပေးသွင်းပြီး လျှောက်ထားနိုင်သည်။

၂၂။ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၁ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုပါက သတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ကြေးပေးသွင်းစေ၍ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်ကို သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၃။ (က) နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားသူအား ဗိသုကာအထူးပြုပညာရပ်အလိုက် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုများပြုလုပ်၍ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၂၄။ (က) ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်ဗိသုကာလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားသူအား ဗိသုကာအထူးပြုပညာရပ်အလိုက် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုများပြုလုပ်၍ မှတ်ပုံတင်ဗိသုကာလက်မှတ်ကို ထုတ်ပေးရမည်။

## အခန်း (၉)

## ဗိသုကာမှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းနှင့်ထုတ်ပေးခြင်း

၂၅။ ပြည်တွင်းပြည်ပရှိ ဗိသုကာပညာ၊ နည်းပညာ၊ အင်ဂျင်နီယာပညာဆိုင်ရာ တက္ကသိုလ်နှင့် ကောလိပ်တစ်ခုခုက အပ်နှင်းသော ဗိသုကာပညာဆိုင်ရာဘွဲ့ရရှိသူသည်လည်းကောင်း၊ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်ရရှိထားပြီး ကောင်စီကသတ်မှတ်သည့် အရည်အချင်းပြည့်မီသူသည်လည်းကောင်း မှတ်ပုံတင်ဗိသုကာလက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၆။ (က) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၅ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်ဗိသုကာလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ဗိသုကာလက်မှတ်ထုတ်ပေးသည့်အခါ ယင်းမှတ်ပုံတင်ဗိသုကာလက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၇။ (က) မှတ်ပုံတင်ဗိသုကာလက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်သည့် အခါ ဗိသုကာလိုင်စင်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ဗိသုကာပညာအလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ သတ်မှတ်အရည်အချင်းပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်၍ ဗိသုကာလိုင်စင် ထုတ်ပေးရမည်။

၂၈။ (က) ဗိသုကာလိုင်စင်ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်သည့်အခါ အကြီးတန်းဗိသုကာလိုင်စင်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထား ရမည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်အရည်အချင်းပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်၍ အကြီးတန်းဗိသုကာလိုင်စင် ထုတ်ပေးရမည်။

၂၉။ (က) ဗိသုကာမှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးရရှိသူသည် မိမိ၏ ဗိသုကာမှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။ ယင်းသို့ သတ်မှတ်ထားသည့် ကာလကျော်လွန်သွားပါက သတ်မှတ်ချက်များနှင့်အညီ ရက်လွန်ကြေးပေးသွင်းပြီး လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုပါက လျှောက်ထားသူအား သက်တမ်း တိုးမြှင့်ကြေးပေးသွင်းစေရမည်။

၃၀။ (က) နိုင်ငံခြားသားဗိသုကာပညာရှင်သည် နိုင်ငံခြားသားဗိသုကာမှတ်ပုံတင်လက်မှတ်ကို ရယူလို ပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး နိုင်ငံခြားသားဗိသုကာမှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) နိုင်ငံခြားသားဗိသုကာမှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းစေပြီး လုပ်ကိုင်ခွင့်ပြုသည့် ဗိသုကာပညာအမျိုးအစား၊ လုပ်ကိုင်ခွင့်ပြု သည့် နေရာဒေသ၊ အချိန်ကာလကန့်သတ်ချက်နှင့် အခြားလိုအပ်သော စည်းကမ်းချက်များကို ဖော်ပြရမည်။

## အခန်း (၁၀)
## မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၃၁။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် -

(က) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြား ချက်များကို လိုက်နာရမည်။

(ခ) ကောင်စီက သတ်မှတ်သည့် ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) မိမိပညာရပ်နှင့် သက်ဆိုင်သော သတ်မှတ်ထားသည့် ဗိသုကာပညာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းများကို တရားဝင် လုပ်ကိုင်ခွင့်ရှိသည်။

(ဃ) မိမိရရှိထားသော သက်ဆိုင်ရာမှတ်ပုံတင်လက်မှတ်အရ မိမိအမည်နှင့်ယှဉ်တွဲအသုံးပြုနိုင်သော အခေါ်အဝေါ်များကို သတ်မှတ်ချက်နှင့်အညီ သုံးစွဲနိုင်ခွင့်ရှိသည်။

(င) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(စ) မိမိ၏ နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်။

## အခန်း (၁၁)
## စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းအရအရေးယူခြင်း

၃၂။ မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရရှိသူ မည်သူမဆို မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိပါက အလုပ်အမှုဆောင်အဖွဲ့သည် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သင့်လျော်သော ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ပယ်ဖျက်ခြင်း။

## အခန်း (၁၂)
## အယူခံခြင်း

၃၃။ အလုပ်အမှုဆောင်အဖွဲ့က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

၃၄။ ပုဒ်မ ၃၃ အရ အယူခံမှုတွင် ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းပြုနိုင်သည်။

၃၅။ ပုဒ်မ ၃၄ အရ ချမှတ်သော ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၁၃)
## တားမြစ်ချက်များ

၃၆။ နိုင်ငံ့ဝန်ထမ်း ဗိသုကာများက တာဝန်အရ ဆောင်ရွက်ခြင်းမှအပ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် ဗိသုကာဆိုင်ရာလုပ်ငန်းနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းများကို ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။

၃၇။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမျှ မိမိရရှိသည့် အဆင့်အတန်းနှင့်မလျော်ညီသော အခေါ်အဝေါ် စကားရပ်များကို မိမိ၏အမည်နှင့်ယှဉ်တွဲ၍ သုံးနှုန်းခြင်းမပြုရ။

၃၈။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမျှ -

(က) မိမိ၏ မှတ်ပုံတင်လက်မှတ်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေးခြင်း သို့မဟုတ် အသုံးပြုစေခြင်း မပြုရ။

(ခ) မိမိ၏ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်သည့်အရေးယူမှု သို့မဟုတ် ကောင်စီ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရပါက ဤဥပဒေနှင့်အညီ အဆိုပါ အရေးယူမှု သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်းမရှိရ။

## အခန်း (၁၄)
## ပြစ်ဒဏ်များ

၃၉။ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၀။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၁။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၂။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၅)
## အထွေထွေ

၄၃။ နိုင်ငံ့ဝန်ထမ်း၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသည် မှတ်ပုံတင်လက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၄၄။ ဤဥပဒေ မပြဋ္ဌာန်းမီက တည်ရှိခဲ့သော မြန်မာနိုင်ငံဗိသုကာအလုပ်အမှုဆောင်အဖွဲ့က ဗိသုကာပညာရှင်တစ်ဦးဦးအား ထုတ်ပေးခဲ့သော မှတ်ပုံတင်လက်မှတ်နှင့် သက်တမ်းသည် ဤဥပဒေနှင့်အညီ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်နှင့် သက်တမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၅။ ဤဥပဒေအရ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း ထင်ရှားလျှင် ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်၊ လုပ်ငန်းကော်မတီဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်တစ်ဦးဦးအား တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တာဝန်မရှိစေရ။

၄၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်၊ လုပ်ငန်းကော်မတီဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်တစ်ဦးဦးသည် ဤဥပဒေအရ လုပ်ငန်းတာဝန်ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၇။ မြန်မာ့ရိုးရာဗိသုကာပညာရှင်နှင့် အင်ဂျင်နီယာတို့သည် ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများဖြင့် သတ်မှတ်ထားသော လုပ်ငန်းများနှင့် အများပြည်သူ ဘေးအန္တရာယ်ဖြစ်စေနိုင်သော ဗိသုကာလုပ်ငန်းများမှအပ မိမိတို့၏ လုပ်ငန်းများကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၄၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်နှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနက သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့်စရိတ်များကို ခံစားခွင့်ရှိသည်။

၄၉။ ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် တာဝန်ခံဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၅၀။ တာဝန်ခံဝန်ကြီးဌာနသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ကောင်စီက ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းထောက်ပံ့ကူညီပေးရမည်။

၅၁။ ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့်အလှူရှင်များထံမှ လှူဒါန်းပစ္စည်းများ၊ နည်းပညာဆိုင်ရာနှင့် အခြားအကူအညီများကို တည်ဆဲဥပဒေများနှင့်အညီ လက်ခံဆောင်ရွက်နိုင်သည်။

၅၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် ကောင်စီနှင့်ညှိနှိုင်း၍ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်
( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် )

**အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၀။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၀ ။ )

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၀ ၏ ခြေဆင်းစကားရပ်နှင့် ပုဒ်မခွဲ (က) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု၏ ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေ တစ်ခုခု သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များတွင် အငြင်းပွားမှုညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု၏ ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့က တာဝန်ပေးအပ်သူတစ်ဦး၊" ဥက္ကဋ္ဌ

၃။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၃ တွင် ပါရှိသော "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့" ဆိုသည့် စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု၏ ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း" ဆိုသည့် စကားရပ်၏ရှေ့တွင် "နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု သို့မဟုတ်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၅။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၃ ၏ နောက်တွင် ပုဒ်မ ၄၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၃-က။ ပုဒ်မ ၃၇ ပါ လိုက်နာရန် တာဝန်ရှိသူမည်သူမျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၏ အတည်ဖြစ်ပြီးသည့် ဆုံးဖြတ်ချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။"

၆။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၆ တွင် ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းချမှတ်ရမည်" ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်ငါးသိန်းချမှတ်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၇ တွင် ပါရှိသော "ငွေဒဏ် ကျပ်သုံးသောင်းအထိ ချမှတ်နိုင်သည်" ဆိုသည့် စကားရပ်ကို "ငွေဒဏ် ကျပ်ငါးသိန်းအထိ ချမှတ်နိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၈ တွင် ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းချမှတ်ရမည်" ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်ငါးသိန်းချမှတ်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၈ ၏ နောက်တွင် ပုဒ်မ ၄၈-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၈-က။ ပုဒ်မ ၃၇ ပါ လိုက်နာရန် တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၄၃-က ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်တစ်ဆယ်သိန်း ချမှတ်ရမည်။ လျော်ကြေးပေးထိုက်သည့် အကြောင်းပေါ်ပေါက်ပါက တရားရုံးက ချမှတ်သည့် ငွေဒဏ်မှ သင့်လျော်သော ငွေကို လျော်ကြေးအဖြစ် နစ်နာသူအား ထုတ်ပေးရမည်။"

၁၀။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၅၄ ၏ နောက်တွင် ပုဒ်မ ၅၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၅၄-က။ ပုဒ်မ ၄၂ ပါတားမြစ်ချက်မှအပ ဤဥပဒေပါ အခြားတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် တရားစွဲဆိုရာတွင် ခုံသမာဓိကောင်စီ၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၁၄)

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်
( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် )

### အမျိုးသားပညာရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော အမျိုးသားပညာရေးဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၁။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## အမျိုးသားပညာရေးဥပဒေ

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၁ ။ )

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အမျိုးသားပညာရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၅ အရ ဖွဲ့စည်းထားသည့် အမျိုးသားပညာရေးကော်မရှင်ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(စ) **ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့**ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အသီးသီးကို ဆိုသည်။

(ဆ) **အမျိုးသားပညာရေး**ဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထား ထိန်းသိမ်းမြှင့်တင်ပြီး ဘက်စုံအတွေးအခေါ် မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရေးနှင့် ခေတ်စနစ်၏ လိုအပ်ချက်များနှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကို ဆိုသည်။

(ဇ) **သင်ယူသူ**ဆိုသည်မှာ မိမိ၏အရည်အချင်းတိုးတက်စေရန် ပညာရေးလမ်းကြောင်းအလိုက် ပညာရေးအဆင့်နှင့်အတန်းတွင်ရရှိနိုင်သည့် ပညာသင်ကြားမှုနည်းစနစ်များနှင့်အညီ ရှာဖွေခံယူလေ့လာသင်ယူသူ သို့မဟုတ် ကျောင်းသားကို ဆိုသည်။

(ဈ) **ဆရာ**ဆိုသည်မှာ ပညာရေးအဆင့်တစ်ခုခုတွင် သင်ကြားရေးတာဝန်ထမ်းဆောင်သော သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် သင်ကြားပို့ချသူကို ဆိုသည်။

(ည) **ကျောင်းပညာရေး**ဆိုသည်မှာ သင်ယူသူ၏ အသက်အရွယ်၊ သင်ယူရမည့် အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်နှင့် တိကျသော သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပေးသော ကျောင်းအခြေပြုမူကြိုပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး၊ နည်းပညာနှင့်သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့ အကျုံးဝင်သည့်ပညာရေးကို ဆိုသည်။

(ဋ) **ကျောင်းပြင်ပပညာရေး**ဆိုသည်မှာ သင်ရိုးညွှန်းတမ်းများကို အခြေခံ၍ သင်ယူလိုသူများ ပညာရည်မြင့်မားလာစေရန် ကျောင်းပညာရေးစနစ် ပြင်ပတွင် ပြင်ဆင်ပြောင်းလဲနိုင်သော နည်းလမ်းများဖြင့် စည်းရုံးသင်ကြားပေးသည့် ပညာရေးကို ဆိုသည်။

(ဌ) **တန်းညှိပညာရေးအစီအစဉ်**ဆိုသည်မှာ ကျောင်းပြင်ပ ပညာရေးအစီအစဉ်အရ သင်ယူရရှိသည့် ပညာအဆင့်အတန်းကို ကျောင်းပညာရေးအဆင့်အတန်းများနှင့် အရည်အချင်း ညှိနှိုင်းသတ်မှတ်ပေးသော အစီအစဉ်ကို ဆိုသည်။

(ဍ) **ကိုယ်တိုင်သင်ယူပညာရေး**ဆိုသည်မှာ မိမိလိုအပ်ချက်နှင့် စိတ်ဝင်စားမှုအရ မိမိကိုယ်တိုင် သတ်မှတ်သင်ယူသော ပညာရေးကို ဆိုသည်။

(ဎ) **ရှေးဦးအရွယ်ကလေးသူငယ်ပညာရေး**ဆိုသည်မှာ မွေးစမှအသက်ရှစ်နှစ် ပြည့်သည့်အရွယ်အထိ ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် ကိုက်ညီသော နည်းလမ်းများကို အသုံးပြုပြီး ပြုစုပျိုးထောင်ပေးသော ပညာရေးကို ဆိုသည်။

(ဏ) **မူကြိုပညာရေး**ဆိုသည်မှာ အသက်သုံးနှစ်မှ ငါးနှစ်အရွယ် ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့်စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အခြေခံပညာ ဆက်လက်သင်ယူနိုင်ရေးတို့အတွက် ပြုစုပျိုးထောင်ပေးသောပညာရေးကို ဆိုသည်။

(တ) **သူငယ်တန်းပညာရေး**ဆိုသည်မှာ ပထမတန်းသို့ ကူးပြောင်းမှုလွယ်ကူစေရန် အသက်ငါးနှစ်ပြည့်ပြီး ကလေးများအတွက် ဘက်စုံဖွံ့ဖြိုးမှုနှင့် သင့်လျော်သော နည်းလမ်းများကို အသုံးပြုပြီး ပြုစုပျိုးထောင်ပေးသည့် ပညာရေးကို ဆိုသည်။

(ထ) **အခြေခံပညာရေး**ဆိုသည်မှာ နိုင်ငံသားတိုင်းတတ်မြောက်ရန် သတ်မှတ်ထားသော ပညာအခြေခံကို သင်ယူတတ်မြောက်စေရန်နှင့် နည်းပညာနှင့် သက်မွေးပညာရပ်တစ်ခုခုကိုဖြစ်စေ၊ အဆင့်မြင့်ပညာကိုဖြစ်စေ ဆက်လက်သင်ယူနိုင်စေရန် သင်ကြားလေ့ကျင့်ပေးသည့် ပညာရေးကို ဆိုသည်။

(ဒ) **နည်းပညာနှင့်သက်မွေးပညာရေး**ဆိုသည်မှာ လက်တွေ့နည်းပညာကျွမ်းကျင်သူများ၊ စက်မှုလက်မှုအတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် သက်မွေးပညာရပ်ဆိုင်ရာ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများကို စနစ်တကျ မွေးထုတ်ပေးသည့် ပညာရေးကို ဆိုသည်။

(ဓ) **အဆင့်မြင့်ပညာရေး**ဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့် အောင်မြင်ပြီးသူများကို အမျိုးသားပညာရေးကော်မရှင်က အသိအမှတ်ပြုထားသည့် ကျောင်းတစ်ခုခုမှ လေ့ကျင့်သင်ကြားပေးသည့် ပညာရေးကို ဆိုသည်။

(န) **ဆရာအတတ်ပညာရေး**ဆိုသည်မှာ ဆရာအတတ်ပညာဖြင့် လုပ်ငန်းခွင်စတင်ဝင်ရောက်မည့်သူများနှင့် လုပ်ငန်းခွင်ရောက်ရှိနေသူများက သင်ယူသူများ၏ သင်ယူမှုတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရန် လိုအပ်သော အသိပညာ၊ အတတ်ပညာကျွမ်းကျင်မှု၊ စိတ်နေသဘောထားနှင့် အတွေ့အကြုံများ ရရှိစေသည့် ပညာရေးကို ဆိုသည်။

(ပ) **အဝေးသင်ပညာရေး**ဆိုသည်မှာ ပညာရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုခု၏ ကြီးကြပ်မှုအစီအစဉ်ဖြင့် ဆရာနှင့်သင်ယူသူတို့အကြား သင်ထောက်ကူနည်းလမ်းများဖြစ်သော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့် အခြားလူထုဆက်သွယ်ရေး မီဒီယာနည်းလမ်းများကို အသုံးပြု၍ သင်ကြားမှု၊ သင်ယူမှုများ ပြုလုပ်ပေးသော ကိုယ်တိုင်လေ့လာသင်ယူမှုကို အခြေခံသည့် ပညာရေးကို ဆိုသည်။

(ဖ) **ရပ်ရွာအခြေပြုပညာရေး**ဆိုသည်မှာ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာရှိ ပြည်သူများကို ပညာရေးဖြင့် လူနေမှုအဆင့်အတန်းတိုးတက်စေရန်နှင့် အသိဉာဏ်ပညာမြင့်မားစေရန် ယင်းတို့၏ ဆန္ဒအပေါ်တွင် အခြေခံ၍ သင်ကြားပေးသည့် ပညာရေးကို ဆိုသည်။

(ဗ) **အခမဲ့မသင်မနေရပညာရေး**ဆိုသည်မှာ နိုင်ငံတော်က အခမဲ့မသင်မနေရပညာရေးဟု သတ်မှတ်သည့် ပညာရေးအဆင့်ကို ကျောင်းနေအရွယ်ကလေးတိုင်း သင်ယူပြီးမြောက်ရေးအတွက် အစိုးရအဖွဲ့နှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်တို့က သတ်မှတ်ချက်နှင့်အညီ အပြည့်အဝထောက်ပံ့ကူညီမှုပေးထားသည့် ပညာရေးကို ဆိုသည်။

(ဘ) **အထူးပညာရေးအစီအစဉ်**ဆိုသည်မှာ မသန်စွမ်းသူများအတွက် အထူးအစီအစဉ်ဖြင့် သင်ကြားပေးသော ကျောင်းများ တည်ထောင်ဖွင့်လှစ်ခြင်းကို ဆိုသည်။

(မ) **ပညာရေးအထူးဝန်ဆောင်မှု**ဆိုသည်မှာ နယ်မြေအေးချမ်းမှုမရှိသော၊ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများနှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော ဒေသများအတွက် အရေးပေါ် ယာယီကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်းကို ဆိုသည်။

(ယ) **အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ**ဆိုသည်မှာ နိုင်ငံတော်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပညာရေးမူဝါဒများ၊ စီမံကိန်းများ၊ ပညာရေးအမျိုးအစားများနှင့် ပညာရေးအဆင့်အသီးသီး၏ အရည်အသွေးအာမခံမှုကို အကဲဖြတ်ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(ရ) **အရည်အသွေးအာမခံမှု**ဆိုသည်မှာ ကျောင်းနှင့် ထိုကျောင်းရှိ သင်ကြားသင်ယူမှု အစီအစဉ်များသည် အမျိုးသားပညာရေးကော်မရှင်က ချမှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု အခြေ

အနေကို အမြဲမပြတ် စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေး အဆင့် သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်။

(လ) **သင်ရိုးညွှန်းတမ်း**ဆိုသည်မှာ ပညာရေးရည်မှန်းချက်များ အောင်မြင်စေရန် ရည်ရွယ်၍ သင်ယူမှုရလဒ်များ၊ သင်ရိုးဝင်အကြောင်းအရာများ၊ သင်ကြားသင်ယူမှု နည်းလမ်းများနှင့် တတ်မြောက်မှုစစ်ဆေးခြင်းတို့ အပါအဝင် ကျောင်းတွင်းနှင့်ကျောင်းပြင်တို့၌ လေ့လာသင်ယူရမည့် ပညာရပ်နယ်ပယ်အလိုက် စနစ်တကျ ရေးဆွဲသတ်မှတ်ထားသော အစီအစဉ်များကို ဆိုသည်။

(ဝ) **ကျောင်း**ဆိုသည်မှာ မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့်သက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေးအတွက် သင်ကြားသင်ယူသည့် နေရာဌာနကို ဆိုသည်။

(သ) **မိဘဆရာအသင်း**ဆိုသည်မှာ အခြေခံပညာကျောင်းများတွင် သင်ယူသူများ၏ ပညာတတ်မြောက်ရေးနှင့် ကိုယ်၊ နှုတ်၊ နှလုံးကောင်းမွန်လာရေးကို ပိုမိုထိရောက်အောင်မြင်စေရန် မိဘ သို့မဟုတ် အုပ်ထိန်းသူတို့နှင့် ဆရာတို့ အတူတကွ ပူးပေါင်းဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(ဟ) **ကျောင်းအကျိုးဆောင်အဖွဲ့**ဆိုသည်မှာ အခြေခံပညာကျောင်းများတွင် မိဘဆရာအသင်းကို ဖြည့်ဆည်းပြီး ပညာရေးနှင့်လူမှုရေးဆိုင်ရာကဏ္ဍတို့တွင် အများကြည်ညိုလေးစားမှုရှိသူများ ပါဝင်သည့် ကျောင်းပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကို ဆိုသည်။

(ဠ) **ပညာရေးစီမံခန့်ခွဲသူ**ဆိုသည်မှာ ပညာရေးဆိုင်ရာဌာန သို့မဟုတ် ကျောင်း၏ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်သော ပုဂ္ဂိုလ်ကို ဆိုသည်။

## အခန်း (၂)
## အမျိုးသားပညာရေး ရည်မှန်းချက်များ

၃။ အမျိုးသားပညာရေး ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရန်၊

(ခ) ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာသော နိုင်ငံသားများ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(ဂ) ပြည်ထောင်စုစိတ်ဓာတ် ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ သမိုင်းအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင်တို့ကိုတန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများ ဖြစ်လာစေရန်၊

(ဃ) ပညာအခြေပြုလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(င) နိုင်ငံတကာအဆင့်မီပညာရပ်ဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် သင်ကြားရေး၊ သင်ယူရေး၊ သုတေသနနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများ၏ အရည်အသွေးမြင့်မားလာစေရန်၊

(စ) ပညာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်စွာ တတ်မြောက်သော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့်သက်မွေးပညာဆိုင်ရာ ကျွမ်းကျင်သူများကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(ဆ) အားကစားကဏ္ဍကို အားပေးမြှင့်တင်ခြင်းနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို စနစ်တကျ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်။

## အခန်း (၃)
## အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများ

၄။ အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးမြှင့်တင်မှုတို့အတွက် နိုင်ငံသားတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်စေရေး၊

(ခ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို သက်ဆိုင်ရာ ဥပဒေနှင့်အညီ တည်ထောင်ခွင့်ပြုခြင်းနှင့် ပညာရေးလုပ်ငန်းများ၌ ပုဂ္ဂလိက ကဏ္ဍ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ရေး၊

(ဂ) ကျောင်းနေအရွယ်ကလေးသူငယ်နှင့်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် မသန်စွမ်းသူ နိုင်ငံသားများ အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို လူတိုင်းအကျုံးဝင် ပညာရေးအရ ပညာသင်ယူနိုင်ခွင့်ရရှိစေရန် အထူးပညာရေးအစီအစဉ်နှင့် ပညာရေးအထူးဝန်ဆောင်မှု အစီအစဉ်ထားရှိရေး၊

(ဃ) နိုင်ငံသားတိုင်း ပညာသင်ယူခွင့်ရရှိပြီး ဘဝတစ်လျှောက် စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရေး၊

(င) နိုင်ငံတကာ ပညာရေးအဆင့်ရှိစေရေးအတွက် ခေတ်မီနည်းပညာများကို အသုံးပြုဆောင်ရွက်ရေး၊

(စ) လူမှုစီးပွားရေးဘဝတွင် လက်တွေ့အသုံးချနိုင်သည့် ပညာရေးဖြစ်စေရေး၊

(ဆ) တက္ကသိုလ်နှင့် ကောလိပ်များသည် လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ဖြင့် ရပ်တည်ရေး၊

(ဇ) သင်ယူလိုသူ၏ ဆန္ဒကိုအခြေခံပြီး သက်ဆိုင်ရာတက္ကသိုလ် ကောလိပ်များ၏ သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ ရွေးချယ်နိုင်ခွင့်ရှိသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို ကျင့်သုံးစေရေး၊

(ဈ) ကျောင်းများတွင် ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာ စွက်ဖက်မှုများမှ ကင်းလွတ်စေရေး၊

(ည) အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရေး၊

(ဋ) ပညာရပ်နယ်ပယ်အားလုံးကို တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့်သက်မွေးပညာ ကျွမ်းကျင်သူများကို အဆင့်အလိုက်မွေးထုတ်ရေး၊

(ဌ) ပညာရေးအဆင့်တိုင်းနှင့် ပညာရပ်နယ်ပယ်အသီးသီးတွင် ပညာရေးအဆင့်အတန်းသတ်မှတ်ပြီး အရည်အသွေးအာမခံမှုရှိသောစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(ဍ) ပညာရေးဝန်ထမ်းအားလုံး၏ အရည်အသွေးနှင့် လူမှုဘဝမြှင့်တင်ရေးကို အလေးထားဆောင်ရွက်စေခြင်းဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ကာ ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်မှုနှင့် ကိုယ်တိုင်တာဝန်ယူတတ်မှုတို့ ဖွံ့ဖြိုးလာမှုအပေါ် မူတည်၍ ဗဟိုချုပ်ကိုင်မှု လျှော့ချသည့်စနစ်ကို ကျင့်သုံးရေး။

## အခန်း (၄)
## အမျိုးသားပညာရေး ကော်မရှင်ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ အစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တစ်ဦးဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းရင်းသားပညာရှင်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် ပါဝင်သည့် အမျိုးသားပညာရေးကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားပညာရေး ရည်မှန်းချက်များနှင့် ပညာရေးဆိုင်ရာ အခြေခံမူများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို လမ်းညွှန်ခြင်း၊

(ခ) အမျိုးသားပညာရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဥပဒေနှင့်အညီ လိုအပ်သော ကော်မတီ သို့မဟုတ် အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) ပညာရေးစနစ်နှင့် ပညာရေးဆိုင်ရာ မူဝါဒများ၊ ပညာရေးဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်မှုအပေါ် အကဲဖြတ်ခြင်း၊ သုံးသပ်ခြင်းနှင့် အကြံပြုခြင်း၊

(ဃ) အရည်အသွေးအာမခံမှု စံချိန်စံညွှန်းများ သတ်မှတ်နိုင်ရန် မူဝါဒများ ချမှတ်ခြင်းနှင့်လမ်းညွှန်ခြင်း၊

(င) ပညာရေးကဏ္ဍအတွက် အစိုးရအဖွဲ့၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံမှ ငွေကြေးနှင့် အထောက်အပံ့များရရှိရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ပညာရေးကဏ္ဍတွင် ပြည်တွင်းပြည်ပမှ ငွေကြေးနှင့်အထောက်အပံ့များ ရယူသုံးစွဲခြင်းအတွက် မူဝါဒများ ချမှတ်ခြင်း၊

(ဆ) ပြည်တွင်းပြည်ပကျောင်းများ ဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ရပ်ဆိုင်းခြင်းနှင့် ပိတ်သိမ်းခြင်းဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊

(ဇ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြုစုတင်ပြသော ပညာရေးဆိုင်ရာ ရေတိုရေရှည် စီမံကိန်းများနှင့်စပ်လျဉ်း၍ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

၇။ ကော်မရှင်သည် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများ၏ လွတ်လပ်သောကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲ မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များတွင်သာ ပေါင်းစပ်ဖြည့်ဆည်းပေးခြင်းဖြင့် ယင်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရမည်။

၈။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်ကို ခံစားခွင့်ရှိသည်။

၉။ ကော်မရှင်နှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

၁၀။ ကော်မရှင်နှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည်။

## အခန်း (၅)
## အမျိုးသားပညာရေးစနစ်

၁၁။ နိုင်ငံတော်သည် အမျိုးသားပညာရေးစနစ်အကောင်အထည်ဖော်ရာတွင် အောက်ပါပညာရယူနည်းများ ကျင့်သုံး၍ ယင်းတို့ကို တစ်ခုနှင့်တစ်ခု ဆက်စပ်ဆောင်ရွက်ရမည် -

(က) ကျောင်းပညာရေး၊

(ခ) ကျောင်းပြင်ပ ပညာရေး၊

(ဂ) ကိုယ်တိုင်သင်ယူ ပညာရေး။

၁၂။ ရှေးဦးအရွယ်ကလေးသူငယ်ပညာရေးကို တည်ဆဲဥပဒေများနှင့်အညီ မိဘ၊ ရပ်ရွာနှင့် သင့်လျော်သော ဌာန၊ အဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၁၃။ မူကြိုပညာရေးတွင် အသက်သုံးနှစ်မှ ငါးနှစ်အထိ မူကြိုပညာရေးကို အကောင်အထည်ဖော်ရမည်။

၁၄။ နိုင်ငံတော်သည် ကျောင်းပညာရေးကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်ရမည် -

(က) အခြေခံပညာရေး၊

(ခ) နည်းပညာနှင့်သက်မွေးပညာရေး၊

(ဂ) အဆင့်မြင့်ပညာရေး။

၁၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာများတွင် အခြေခံပညာအဆင့် ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးတို့ ပူးတွဲသင်ကြားနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို အစိုးရအဖွဲ့နှင့် ဒေသ ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်တို့က ကူညီပံ့ပိုးရမည်။

၁၆။ (က) အခြေခံပညာရေးကို အောက်ပါအတိုင်း အဆင့်သုံးဆင့် ခွဲခြားထားပြီး သူငယ်တန်းပညာရေး ပြီးသည့်နောက် ပညာသင်နှစ် စုစုပေါင်းကာလမှာ ၁၂ နှစ်ကို ဦးတည်၍ ဆောင်ရွက်ရန် ဖြစ်သည် -

(၁) မူလတန်းအဆင့်ပညာရေး၊

(၂) အလယ်တန်းအဆင့်ပညာရေး၊

(၃) အထက်တန်းအဆင့်ပညာရေး။

(ခ) သူငယ်တန်းပညာရေးကို မူလတန်းအဆင့်ပညာရေး၏ အခြေခံအတန်းအဖြစ် သတ်မှတ်သည်။

(ဂ) ပုဒ်မခွဲ (က) ပါ ပညာရေးအဆင့်တစ်ခု ပြီးမြောက်မှုအတွက် သင်ယူတတ်မြောက်မှုအဆင့်ကို စစ်ဆေးအကဲဖြတ်ရမည်။

၁၇။ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်ဖော်ဆောင်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရမည်။

၁၈။ (က) အသက်ငါးနှစ်ပြည့်ပြီးသည့် ကလေးများသည် သူငယ်တန်းပညာရေးကို စတင်သင်ယူရမည်။

(ခ) အသက်ခြောက်နှစ်ပြည့်ပြီးသည့် ကလေးများသည် မူလတန်းအဆင့်ပညာရေးကို စတင်သင်ယူ ရမည်။

၁၉။ အင်္ဂလိပ်စာကို မူလတန်းမှစ၍ သင်ကြားရမည်။

၂၀။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် -

(က) ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးတို့အတွက် ဆရာအတတ်ပညာ ဖွံ့ဖြိုးစေရန် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) ဆရာအတတ်ပညာနှင့် သက်ဆိုင်သော ကျောင်းဝင်ခွင့်၊ သင်ရိုးညွှန်းတမ်းနှင့် သင်တန်းကာလ များကို သက်ဆိုင်ရာနည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းရမည်။

(ဂ) နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့ နှင့် သမိုင်းအမွေအနှစ်တို့၏ အနှစ်သာရများကို တန်ဖိုးထား၍ တိုင်းရင်းသားအားလုံး ဖွံ့ဖြိုး တိုးတက်ရေးနှင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ဆရာများကို မွေးထုတ်ရမည်။

၂၁။ နည်းပညာနှင့် သက်မွေးပညာရေးကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်သည် -

(က) မူလတန်းအဆင့် အောင်မြင်ပြီးမြောက်သူများ တက်ရောက်နိုင်သော အခြေခံအဆင့် နည်းပညာနှင့် သက်မွေးပညာရေး၊

(ခ) အလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများ တက်ရောက်နိုင်သော အလယ်တန်းအဆင့် နည်းပညာနှင့် သက်မွေးပညာရေး၊

(ဂ) အခြေခံပညာ အထက်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများ တက်ရောက်နိုင်သော ဘွဲ့ကြို ဒီပလိုမာအဆင့် နည်းပညာနှင့် သက်မွေးပညာရေး၊

(ဃ) ပညာအရည်အချင်း ကျား၊ မ အသက်အရွယ်တို့ကို မကန့်သတ်ဘဲ ကျွမ်းကျင်မှုကို မြှင့်တင်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ အစိုးရ သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းများက ဖွင့်လှစ်သော ကျောင်းပြင်ပနည်းပညာနှင့် သက်မွေးပညာရေး။

၂၂။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မ ၂၁ ပါ ပညာရေးအဆင့်များ၏ သင်ရိုးညွှန်းတမ်း၊ သင်တန်းကာလ၊ အပ်နှင်းမည့်ဒီပလိုမာနှင့် အောင်လက်မှတ်အမျိုးအစားတို့ကို သက်ဆိုင်ရာသင်တန်းပေါ်မူတည်၍ သတ်မှတ်ရမည်။

၂၃။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် နိုင်ငံသားများအတွက် နည်းပညာနှင့် သက်မွေးပညာရပ်များ သင်ယူနိုင်မှု အခွင့်အလမ်းများ ကျယ်ပြန့်စွာရရှိစေရန် တိုးမြှင့်ဆောင်ရွက်ရမည်။

၂၄။ နည်းပညာနှင့်သက်မွေးပညာရေးဆိုင်ရာ ကျောင်းများနှင့် သင်တန်းများကို သက်ဆိုင်ရာ ဥပဒေနှင့် အညီ စီမံခန့်ခွဲခွင့်ရှိသော ကျောင်းများနှင့် သင်တန်းများအဖြစ် ထူထောင်ရမည်။

၂၅။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများနှင့် ယင်းတို့နှင့် အဆင့်တူညီသည့် ကျောင်းများသည် အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်ရမည်။

၂၆။ အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်သည့် ကျောင်းများတွင် လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်စွာ စီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးရမည်။

၂၇။ ကော်မရှင်သည် အဆင့်မြင့်ပညာရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လွတ်လပ်စွာ ရပ်တည်သော အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေး ကော်မတီကို ဖွဲ့စည်းပေးရမည်။

၂၈။ အဆင့်မြင့်ပညာသင်ကြားရေးကို အကောင်အထည်ဖော်သည့် ကျောင်းများသည် -

(က) သုတေသနနှင့်ပညာရပ်ဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်ရမည်။

(ခ) သင်ယူသူများအား ယင်းတို့၏ ဆန္ဒကို အခြေခံပြီး သက်ဆိုင်ရာ ကျောင်းက သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ သင်ယူလိုသော ပညာရပ်နှင့် ကျောင်းတို့ကို လွတ်လပ်စွာ ရွေးချယ်ခွင့် ရှိစေရန် စီစဉ်ဆောင်ရွက်ရမည်။

၂၉။ အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်ရာတွင် အဝေးသင်ပညာရေးစနစ်ကိုလည်း ကျင့်သုံးမည်။

၃၀။ အခြေခံပညာအထက်တန်းအဆင့် ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ ဆရာအတတ်ပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့သည် တစ်ခုနှင့်တစ်ခုဆက်သွယ်ကူးပြောင်းသင်ယူနိုင်သည့် အစီအစဉ်ရှိရမည်။

၃၁။ ဝန်ကြီးဌာနသည် ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြင့် ကျောင်းပြင်ပ ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အားပေးရမည်။

၃၂။ ဝန်ကြီးဌာနသည် ကျောင်းပြင်ပ ပညာရေးနှင့် စပ်လျဉ်း၍ -

(က) အခြေခံစာတတ်မြောက်ရေးနှင့် ယင်း၏ နောက်ဆက်တွဲ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ခ) အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာရေးအဆင့်အသီးသီးကို ဆုံးခန်းတိုင်မသင်ကြားခဲ့ရသူများအား ထိုပညာရေးအဆင့်ပြီးမြောက်စေရန်နှင့် ကျောင်းပြင်ပမှ ပညာသင်ကြားလိုသူများ ဆက်လက်သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

(ဂ) ကျောင်းပြင်ပ ပညာရေးမှ ကျောင်းပညာရေး သို့မဟုတ် နည်းပညာနှင့် သက်မွေးပညာရေးသို့ ကူးပြောင်းနိုင်သည့် တန်းညှိပညာရေး အစီအစဉ်ကို ဆောင်ရွက်ရမည်။

၃၃။ ဝန်ကြီးဌာနသည် နိုင်ငံသားတိုင်း အရည်အသွေးမြင့်မားစေရေးအတွက် ကိုယ်တိုင်သင်ယူပညာရေး အပါအဝင် ဆက်လက်သင်ယူနိုင်သော အခွင့်အလမ်းရရှိစေရန် -

(က) သင်ကြားလေ့လာနိုင်မည့် အခြေအနေများနှင့် အစီအစဉ်များကို ဆောင်ရွက်ပေးရမည်။

(ခ) ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများက ပုဒ်မခွဲ (က) ပါ အစီအစဉ်များကို ဆောင်ရွက်နိုင်ရန် စည်းရုံးတိုက်တွန်းရမည့်အပြင် ယင်းတို့ကိုယ်တိုင် ဆောင်ရွက်ခြင်းကိုလည်း ခွင့်ပြုရမည်။

(ဂ) စာအုပ်စာတမ်းများ ထုတ်ဝေခြင်းနှင့် မီဒီယာအမျိုးမျိုးကို အသုံးပြုထုတ်လွှင့်ဖြန့်ချိမှု ပညာရေး အစီအစဉ်များ ဆောင်ရွက်ရမည်။

(ဃ) လေ့လာသင်ယူနိုင်မည့် စာကြည့်တိုက်များနှင့် ပြတိုက်များ ဖွံ့ဖြိုးနေစေရန် ပုဂ္ဂလိကနှင့် ဒေသန္တရ အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်လိုပါက အားပေးကူညီရမည်။

## အခန်း (၆)
## ကျောင်းအမျိုးအစား

၃၄။ ကျောင်းအမျိုးအစားကို အောက်ပါအတိုင်းသတ်မှတ်သည် -

(က) အစိုးရကျောင်းများ၊

(ခ) အစိုးရအထောက်အပံ့ခံကျောင်းများ၊

(ဂ) ဒေသန္တရအဖွဲ့အစည်းပိုင်ကျောင်းများ၊

(ဃ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၊

(င) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊

(စ) ပရဟိတကျောင်းများ၊

(ဆ) အထူးပညာရေးအစီအစဉ်ကျောင်းများ၊

(ဇ) ရွှေ့လျားနှင့်အရေးပေါ်ကျောင်းများ၊

(ဈ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့်ကျောင်းများ။

၃၅။ အခြေခံပညာရေးကျောင်း၊ သင်တန်းကျောင်း၊ နည်းပညာနှင့် သက်မွေးပညာရေးကျောင်း၊ အဆင့်မြင့်ပညာရေး အဆင့်အတန်းရှိသော ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများနှင့် နိုင်ငံခြားတက္ကသိုလ်တစ်ခုခု၏ ကျောင်းခွဲများ ဖွင့်လှစ်ခြင်းသည် ဤဥပဒေ သို့မဟုတ် တည်ဆဲပညာရေးဥပဒေတစ်ရပ်ရပ်နှင့် ကိုက်ညီမှု ရှိစေရမည်။

၃၆။ ဤဥပဒေနှင့် သက်ဆိုင်ရာ ပညာရေးဥပဒေတို့အရ တရားဝင်ကျောင်း တည်ထောင်ခွင့်ရရှိသော ကျောင်းမှ တာဝန်ရှိသူကသာ သင်တန်းဆင်းလက်မှတ်၊ အောင်လက်မှတ်၊ ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ကို ထုတ်ပေးပိုင်ခွင့်ရှိသည်။

၃၇။ ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် မသန်စွမ်းသူများအတွက် အထူးပညာရေး အစီအစဉ်ဖြင့် သင်ကြားပေးသော ကျောင်းများထူထောင်နိုင်ရန် စီစဉ်ပေးရမည်။ ပုဂ္ဂလိက သို့မဟုတ် လူမှုရေး အဖွဲ့အစည်းများက ဖွင့်လှစ်လိုပါက စိစစ်ခွင့်ပြုနိုင်သည်။

၃၈။ ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည် -

(က) ရွှေ့ပြောင်းလုပ်သားများ၏ သားသမီးများနှင့် မိသားစုဝင်များအတွက် အခမဲ့မသင်မနေရ မူလတန်းပညာရေး ပြီးမြောက်စေရေးအတွက် ရွှေ့လျားကျောင်းများ တည်ထောင်နိုင်ရန် စီစဉ်ပေးရမည်။

(ခ) ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော၊ နယ်မြေအေးချမ်းမှုမရှိသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများနှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော ဒေသများအတွက် အရေးပေါ်ယာယီကျောင်းများ ဖွင့်လှစ်သင်ကြားပေးသည့် ပညာရေးအထူးဝန်ဆောင်မှုကို စီစဉ်ပေးရမည်။

## အခန်း (၇)
## သင်ရိုးညွှန်းတမ်းနှင့်သင်ရိုးညွှန်းတမ်းစံ သတ်မှတ်ခြင်း

၃၉။ ကော်မရှင်သည် သင်ရိုးညွှန်းတမ်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များပါရှိစေရန် ကြပ်မတ်ဆောင်ရွက်ရမည် -

(က) တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော အသိဉာဏ်ရှိ၍ ဘက်စုံပညာပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်ထွန်းစေရေး၊

(ခ) လူတစ်ဦးချင်းမှသည် မြန်မာ့လူမှုအဖွဲ့အစည်းတစ်ခုလုံးအတွက် အသုံးဝင်မည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများကို လေ့ကျင့်ဖော်ဆောင်နိုင်စွမ်းရှိရေး၊

(ဂ) ကိုယ်ကျင့်တရားကောင်းမွန်မှု၊ မတူကွဲပြားခြားနားခြင်းကို နားလည်လက်ခံမှုနှင့် တန်းတူညီမျှမှုကို အလေးထားမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ ဒီမိုကရေစီအလေ့အကျင့်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများကို တန်ဖိုးထားသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေး၊

(ဃ) နိုင်ငံသားအားလုံးတွင် ရှိသင့်ရှိအပ်သော တန်ဖိုးများနှင့် တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိရေး၊

(င) သင်ရိုးညွှန်းတမ်းများသည် ခေတ်ကာလအခြေအနေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံတကာပညာရေး သင်ရိုးညွှန်းတမ်းနှင့်လည်း လိုက်လျောညီထွေမှုရှိရေး၊

(စ) နိုင်ငံတစ်ဝန်းတွင် ကျင့်သုံးရမည့် အခြေခံပညာရေးအဆင့်အသီးသီးအတွက် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်များနှင့် သင်ရိုးညွှန်းတမ်းစံများရှိရေး၊

(ဆ) ပုဒ်မခွဲ (စ) ပါ သင်ရိုးညွှန်းတမ်းစံကို အခြေခံ၍ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို ဒေသအလိုက်လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိရေး၊

(ဇ) သင်ရိုးညွှန်းတမ်းများသည် လက်တွေ့ဘဝနှင့် ဆက်စပ်မှုရှိရေး။

၄၀။ ကျောင်းများသည် ပညာရေးစီမံကိန်း ပြုပြင်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၏ လိုအပ်ချက်ကို အခြေခံ၍ သင်ရိုးညွှန်းတမ်းများကို တည်ဆဲဥပဒေနှင့်အညီ ပြောင်းလဲမြှင့်တင်နိုင်ခွင့်ရှိသည်။

၄၁။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် -

(က) အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်းစံများကို ကော်မရှင်၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းပေးရမည်။

(ခ) မသန်စွမ်းသူများ၊ အမြင်အာရုံချို့တဲ့သူများ၊ အကြားအာရုံချို့တဲ့သူများ၊ ဉာဏ်ရည်ချို့တဲ့သူများနှင့် မတူကွဲပြားသင်ယူသူများအတွက် သင်ကြားရမည့်အထူးပညာရေးအစီအစဉ်၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာပညာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များနှင့်ညှိနှိုင်း အတည်ပြု ပြဋ္ဌာန်းပေးရမည်။

၄၂။ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့သည် -

(က) အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန်ဆက်သွယ်ကူးပြောင်းသင်ကြားနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ရမည်။

(ခ) တိုင်းရင်းသားများ၏ စာပေ၊ ဘာသာ၊ စကား၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးစံများ ဖွံ့ဖြိုးရေး အတွက် သင်တန်းများဖွင့်လှစ်သင်ကြားရေးနှင့် တက္ကသိုလ်များတွင် တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ စာပေနှင့်သမိုင်း အထူးပြုဘာသာရပ်များ ဖွင့်လှစ်သင်ကြားရေးတို့အတွက် ကူညီဆောင်ရွက်ရမည်။

၄၃။ (က) သင်ကြားရေးတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ နှစ်ဘာသာတွဲ၍ဖြစ်စေ သင်ကြားနိုင်သည်။

(ခ) အခြေခံပညာအဆင့်တွင် လိုအပ်ချက်ရှိလျှင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာ စကားနှင့်အတူ သင်ကြားမှု ဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်။

၄၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကား သင်ကြား သင်ယူမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာ မူလတန်းအဆင့်မှ စတင်၍ အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်နိုင်သည်။

## အခန်း (၈)
## ပညာရေးဆိုင်ရာ တာဝန်နှင့် အခွင့်အရေးများ

၄၅။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့၏ ကလေးများကို ကျောင်းနေအရွယ်တွင် နိုင်ငံတော်က သတ်မှတ်ထားသော အခမဲ့မသင်မနေရ ပညာရေးကို သင်ကြားပေးရေးအတွက် သက်ဆိုင်ရာကျောင်းသို့ မဖြစ်မနေကျောင်းအပ်ရန်နှင့် ယင်းပညာရေးအဆင့် ပြီးမြောက်သည်အထိ သင်ယူစေရန် တာဝန်ရှိသည်။

၄၆။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် ဤဥပဒေနှင့် သက်ဆိုင်ရာ ပညာရေးဥပဒေတို့အရ ဖွင့်လှစ် တည်ထောင်ထားသော မည်သည့်ကျောင်းတွင်မဆို သတ်မှတ်ချက်နှင့် ညီညွတ်ပါက မိမိ၏ ကလေးကို ကျောင်းအပ်ပိုင်ခွင့်ရှိသည်။

၄၇။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့ကလေး၏ ပညာရည်မြင့်မားစေရန်နှင့် စဉ်ဆက်မပြတ် သင်ယူမှုအခွင့်အလမ်းရှိစေရန် ဆရာ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့တို့နှင့် ပူးပေါင်း ဆောင်ရွက်ခွင့်ရှိသည်။

၄၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာလူထုသည် မိမိရပ်ရွာဒေသရှိ ကလေးများကို မသင်မနေရ အခမဲ့ ပညာရေး ပြီးမြောက်သည်အထိ ဝိုင်းဝန်းကူညီပေးရမည်။

၄၉။ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည် -

(က) ပညာရေးနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ လမ်းညွှန်၊ ကူညီပံ့ပိုးရမည်။

(ခ) ကလေးတိုင်း သတ်မှတ်ထားသော အခမဲ့ မသင်မနေရပညာရေးအဆင့် ပြီးမြောက်စေရန် ဦးတည် ဖော်ဆောင်ပေးရမည်။

(ဂ) ထူးချွန်သူများကို ထူးချွန်မှုအလိုက် ချီးမြှင့်သည့် အစီအမံများထားရှိရမည်။

(ဃ) ပညာထူးချွန်၍ ပညာသင်ယူရန် အခက်အခဲရှိသူများအတွက် ဆက်လက်သင်ယူနိုင်ရေး အစီအစဉ်ကို ဖော်ဆောင်ပေးရမည်။ ပြင်ပမှ ကူညီဆောင်ရွက်ခြင်းကို စိစစ်ခွင့်ပြုနိုင်သည်။

(င) ဒေသခံမဟုတ်သောဆရာများနှင့် ပညာရေးစီမံခန့်ခွဲသူများအတွက် နေထိုင်သွားလာမှု လွယ်ကူစေရန် စီမံဆောင်ရွက်ရမည်။

(စ) ပညာရေးဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စများကို တည်ဆဲဥပဒေနှင့်အညီ လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိစေရမည်။

(ဆ) ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရမည်။

(ဇ) ပညာရေးလုပ်ငန်းများအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

## အခန်း (၉)

## ဆရာများ

၅၀။ ဆရာများသည် -

(က) နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ပြန့်သောအမြင်ရှိရမည်။ ဒီမိုကရေစီအလေ့အကျင့်ကို ချစ်မြတ်နိုး၍ ကာကွယ်စောင့်ရှောက်မှုပေးရမည့်အပြင် ဖွံ့ဖြိုးစေရန် ဆောင်ရွက်ရမည်။

(ခ) မိမိလုပ်ငန်းအပေါ်တွင် တာဝန်သိစိတ်နှင့် သက်မွေးဝမ်းကျောင်းမှုကို ချစ်မြတ်နိုးစိတ်ရှိရမည်။ ကျောင်းသားကျောင်းသူများအတွက် စံနမူနာကောင်းဖြစ်ရမည်။

(ဂ) အခြေခံပညာရေးအတွက် ဆရာအတတ်ပညာဆိုင်ရာ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ် သို့မဟုတ် ယင်းတို့နှင့် အဆင့်တူ သတ်မှတ်ထားသော အသိအမှတ်ပြုလက်မှတ်များ ရှိရမည်။

၅၁။ မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့်သက်မွေးပညာရေး၊ ဆရာအတတ်ပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် သင်တန်းကျောင်းအသီးသီးမှ ဆရာများ၏ အဆင့်နှင့်လျော်ညီသော အရည်အချင်းများကို ပညာရေးဆိုင်ရာ ဥပဒေများတွင် သီးခြားသတ်မှတ်၍ ပြဋ္ဌာန်းရမည်။

၅၂။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏ အရည်အသွေးမြင့်မားစေရေးနှင့် နိုင်ငံတကာအတွေ့အကြုံ ရရှိစေရေးတို့အတွက် စီမံဆောင်ရွက်ပေးရမည်။

၅၃။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏ တာဝန်နှင့်အခွင့်အရေးများကို သတ်မှတ်ပေးရမည်။

## အခန်း (၁၀)

## အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှု

၅၄။ (က) ပညာရေးအဆင့်တိုင်းတွင် ပညာအရည်အသွေးအာမခံမှု အစီအစဉ်တစ်ရပ် ရှိရမည်။

(ခ) ပညာအရည်အသွေးနှင့် အဆင့်အတန်းတိုးတက်မှုကို စစ်ဆေးအကဲဖြတ်မည့်အတွင်း အရည်အသွေး စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်နှင့် ပြင်ပမှအရည်အသွေး စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ်တို့ ပါဝင်ရမည်။

(ဂ) ကော်မရှင်သည် အရည်အသွေးခိုင်မာမှုအတွက် စစ်ဆေးအကဲဖြတ်ရမည့် စံချိန်စံညွှန်းနှင့် နည်းလမ်းများကို သတ်မှတ်ပေးရမည်။

၅၅။ ကော်မရှင်သည် ပုဒ်မ ၅၄ ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရေးအဆင့် အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီကို လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။

## အခန်း (၁၁)

## ပညာရေးစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှု

၅၆။ (က) ဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီတို့သည် သက်ဆိုင်ရာ အဆင့်မြင့်ပညာကျောင်းများကို ဤဥပဒေ၊ တည်ဆဲဥပဒေတို့နှင့်အညီ စီမံခန့်ခွဲရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကျောင်းများမှအပ နိုင်ငံတစ်ဝန်းရှိ ပညာရေးစနစ်တစ်ခုလုံး၏ ပညာရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များက တာဝန်ခွဲဝေ ဆောင်ရွက်ရမည်။

၅၇။ (က) အခြေခံပညာအဆင့် ကျောင်းများ၏ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့က ဆောင်ရွက်ရမည်။

(ခ) ထူးခြားသော လုပ်ငန်းသဘာဝအရ အစိုးရအဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် သာသနာရေးဝန်ကြီး ဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ထူထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာကျောင်းများမှအပ ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများအားလုံးသည် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေး ကော်မတီနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီသည် တက္ကသိုလ်နှင့် ကောလိပ်နှင့်သိပ္ပံများ၏ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲ ပေါင်းစပ်ဖြည့်ဆည်း ညှိနှိုင်းဆောင်ရွက် ပေးခြင်းဖြင့် ကျောင်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရမည်။

(ဃ) အဆင့်မြင့်ပညာကျောင်းများတွင် မိမိတို့၏ သင်ကြားရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များကို သက်ဆိုင်ရာ ပညာရေးဥပဒေတို့နှင့်အညီ ဖွဲ့စည်းခွင့်ပြုရမည်။

၅၈။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပညာရေးအရည်အသွေးမြင့်မားရေးနှင့် ဖွံ့ဖြိုးရေးအတွက် မူဝါဒများ၊ မဟာဗျူဟာများနှင့် ယင်းတို့ကို အကောင်အထည်ဖော်မည့် စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း ချမှတ်ခြင်းကို အစိုးရ အဖွဲ့၏ အတည်ပြုချက်ရယူခြင်းနှင့် အကောင်အထည်ဖော်မှုကို ပံ့ပိုးခြင်း၊

(ခ) မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှုစီမံချက်၊ ပညာရေး ဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့် သက်ဆိုင်သည့် ဥပဒေနှင့်အခြားလုပ်ထုံးလုပ်နည်းများကို ပြည်သူလူထုထံ ကျယ်ပြန့်စွာသိရှိစေရန် ဆောင်ရွက်ခြင်း၊

(ဂ) ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက ဆောင်ရွက်သော ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျွမ်းကျင်သူ၊ နည်းပညာ၊ ဘဏ္ဍာရေးနှင့် ကျောင်းတည်ထောင်ဖွင့်လှစ်မှုများကို အကူအညီ ပေးခြင်းနှင့် ပညာရေးဆိုင်ရာ အရည်အသွေးစံနှုန်းများ တစ်ပြေးညီဖြစ်စေရန်အတွက် ပံ့ပိုးညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(ယ) ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ရ) ပညာရေးအတွက် လျာထားသည့် ရသုံးဘဏ္ဍာငွေများကို ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် လမ်းညွှန်ခြင်း၊ ကူညီပံ့ပိုးပေးခြင်း၊

(လ) ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပညာရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် စီမံခြင်း၊

(ဆ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

၅၉။ ပညာရေးစီမံခန့်ခွဲသူများသည် ပညာရေးဆိုင်ရာလုပ်ငန်းများကို မြန်ဆန်ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် စီမံခန့်ခွဲမှုအထောက်အကူပြု စာရင်းအင်းအချက်အလက်များကို စနစ်တကျ စုစည်းဆောင်ရွက်သည့် ပညာရေးစီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၆၀။ ကော်မရှင်သည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအား ကြီးကြပ်ရန် သင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်သည့် အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၆၁။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် ဘုန်းတော်ကြီးသင်ကျောင်းများ၊ ပရဟိတကျောင်းများ၊ အထူးပညာရေး အစီအစဉ်ကျောင်းများနှင့် ရွေ့လျားနှင့်အရေးပေါ်ကျောင်းများ၊ ရပ်ရွာပညာပဒေသာဌာနများ၊ ရပ်ရွာအခြေပြုပညာရေး အစီအစဉ်များနှင့် ကျောင်းပြင်ပ အခြေခံပညာအဆင့်သင်တန်းများကို စိစစ်ပြီး လိုအပ်လျှင် ပညာသင်ကာလအတွင်း ထောက်ပံ့ကြေးများနှင့် အခြားအကျိုးခံစားခွင့်များကို လိုအပ်ချက်နှင့်အညီ ကူညီထောက်ပံ့ပေးရမည့်အပြင် လိုအပ်သည့် ပညာရပ်နှင့် သတ်မှတ်ထားသော ကျောင်းအဆင့်အတန်း ရောက်ရှိစေရန်နှင့် နည်းပညာ၊ ကျွမ်းကျင်သူနှင့် သင်ကြားရေး အထောက်အကူများ ပံ့ပိုးပေးရမည်။

## အခန်း (၁၂)
## ဘဏ္ဍာရေး

၆၂။ သက်ဆိုင်ရာ ကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည် ပြည်တွင်းပြည်ပပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို စိစစ်လက်ခံနိုင်သည်။

၆၃။ သက်ဆိုင်ရာ ကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည် -

(က) ပုဒ်မ ၆၂ အရ လက်ခံရရှိသော ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ပညာရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် ထိရောက်စွာ သုံးစွဲရမည်။

(ခ) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲပြီး စာရင်းဇယားမှတ်တမ်းများကို စေတနာရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

(ဂ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်။

၆၄။ (က) အစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် နိုင်ငံတော်က တာဝန်ယူဆောင်ရွက်သော ပညာရေးကဏ္ဍအသီးသီးအတွက် လိုအပ်သော ဘဏ္ဍာငွေကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ထောက်ပံ့ပေးရမည်။

(ခ) အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် သက်ဆိုင်သော အဆင့်မြင့်ပညာကျောင်းများသည် ကိုယ်ပိုင်ရန်ပုံငွေ ရှာဖွေထူထောင် ဆောင်ရွက်ခွင့်ရှိသည်။

၆၅။ ကော်မရှင်သည် -

(က) မိမိ ဖွဲ့စည်းထားသော ကော်မတီနှင့် အဖွဲ့များ၏ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေ လိုအပ်ချက်ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

(ခ) မိမိ ဖွဲ့စည်းထားသော ကော်မတီနှင့် အဖွဲ့များတွင် ပါဝင်သည့် ပုဂ္ဂိုလ်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်နိုင်သည်။

## အခန်း (၁၃)

## ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ

၆၆။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ကျောင်းအားလုံးသည် ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှ ငါးနှစ်ကာလအတွင်း ဤဥပဒေနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ရမည်။

## အခန်း (၁၄)

## အထွေထွေ

၆၇။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ပညာရေးဆိုင်ရာ ဥပဒေများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၆၈။ (က) ဘာသာရေးကိုသာ သီးသန့်သင်ကြားပေးသော ကျောင်းများသည် ဤဥပဒေနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ခ) ပြည်တွင်းရှိ လူမှုရေး၊ ဘာသာရေး၊ အသင်းအဖွဲ့များက ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဈ) တွင် အကျုံးဝင်သော ကျောင်းများကို ဖွင့်လှစ်လိုလျှင် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့က ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၆၉။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ကော်မရှင်နှင့် ကော်မရှင်က ဖွဲ့စည်းပေးသည့် ကော်မတီနှင့် အဖွဲ့များ၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ဦးစီးဌာနများသည် အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**[ ယခင်အပတ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၄)၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ၊ (၂၀၁၄ ခုနှစ် ၊တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် - ၁။) မှနောက်ဆက်တွဲ အဆက် ]**

## လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ ရည်မှန်းချက်များ

၂၂။ ရန်ကုန်တိုင်းဒေသကြီး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

### (က) ကျန်းမာရေးဦးစီးဌာန

(၁) ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှု မြင့်မားလာစေရေးနှင့် လုပ်ငန်းခွင်ပြီးမြောက် အောင်မြင်ရေး အားဖြည့်ဆောင်ရွက်မည်။

(၂) ကျန်းမာရေးဌာနခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ရန်၊ ဆေးရုံများ အဆင့်မြှင့်တင်ရေးနှင့် အရန်သားဖွားဆရာမများအတွက် သင်တန်းများဖွင့်လှစ်မည်။

(၃) ဒေသအလိုက် ဦးစားပေး ကျန်းမာရေးပြဿနာများ ဖော်ထုတ်ပြီးဖြေရှင်းမည့်နည်းလမ်းများ ရှာဖွေဆောင်ရွက်မည်။

(၄) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျောက်တန်းမြို့နယ် ကံ့ကြက် ကျန်းမာရေးဌာန၊ မင်္ဂလွန်း ကျေးလက်ကျန်းမာရေးဌာန၊ ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးလက်ကျန်းမာရေးဌာနတို့ကို တိုက်နယ်ကျန်းမာရေးဌာနများအဖြစ် တိုးချဲ့ဖွင့်လှစ်ရန်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြေပြင်အခြေအနေ လိုအပ်ချက်အရ ကျေးလက်ကျန်းမာရေးဌာနခွဲ (၅) ခု တိုးချဲ့နိုင်ရေး ဆောင်ရွက်ရန်၊ ကျန်းမာရေးဝန်ထမ်းများအတွက် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ ဖြစ်သော စီမံခန့်ခွဲမှု ဆိုင်ရာ သင်တန်း (၈၈) ဦး၊ နည်းပညာရပ်ဆိုင်ရာသင်တန်းများ၊ အရန်သားဖွား (မွမ်းမံ) သင်တန်း (၂၀၀) ဦးနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) သင်တန်း (၁၅၀) ဦး ဖွင့်လှစ်ရန် ၊ ဒေသအလိုက်ဦးစားပေး၍ ကျန်းမာရေးပြဿနာများ ဖော်ထုတ်ပြီး ဖြေရှင်းမည့် နည်းလမ်းများရှာဖွေ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### (ခ) ပညာရေး

အမှတ် (၃) အခြေခံပညာဦးစီးဌာန

(၁) အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ်ဖော်ဆောင်ရမည်။

(၂) မူလတန်းအဆင့်မှ အလယ်တန်းအဆင့်သို့ အတန်းကူးပြောင်းနှုန်းမြင့်မားရန်နှင့် အလယ်တန်း အဆင့်တွင် အတန်းနေမြဲနှုန်း မြင့်မားနိုင်ရေးအတွက် ကျောင်းလခနှင့် အားကစား၊ စာရေး ကိရိယာ၊ စာကြည့်တိုက်ကြေး၊ မိဘဆရာအသင်းကြေးများမကောက်ခံဘဲ ပြဌာန်းစာအုပ်များ အခမဲ့ ထောက်ပံ့ပေးမည်။

(၃) ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့် ရရှိစေရန် ဆောင်ရွက်မည်။

(၄) မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်း မြင့်မားလာစေရန်ဆောင်ရွက်မည်။

(၅) အနှစ် (၃၀) နှစ်ရှည်စီမံကိန်း ရည်မှန်းချက်ဘောင်အတွင်းမှ (၅) နှစ် စီမံကိန်း၏ စတုတ္ထနှစ် နှစ်စဉ်စီမံကိန်းကိုအောင်မြင်စွာ အကောင်အထည်ဖော်ရေးဆောင်ရွက်မည်။

(၆) ထောင်စုနှစ် ရည်မှန်းချက်များပြည့်မီရေး ဆောင်ရွက်သွားမည်။

**(ဂ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

(၁) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး ၊ ခရိုင်ရုံး မြို့နယ်ရုံး၊ မြို့နယ်ရုံးခွဲများအနေဖြင့် **အစဉ်လေ့လာဆည်းပူးသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း** (Life Long Learning Society) ဖြစ်လာရေးအတွက် ကျေးရွာစာကြည့်တိုက်များနှင့် ရပ်ကွက်စာကြည့်တိုက်များအား ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အဦ၊ ပရိဘောဂ၊ စာအုပ်များနှင့် ငွေပဒေသာပင်များ ပြည့်စုံရန်နှင့် ကျန်ရှိနေသော ကျေးရွာစာကြည့်တိုက်များနှင့် ရပ်ကွက်စာကြည့်တိုက်များအား ရှင်သန်ဖွံ့ဖြိုးအောင် ဆောင်ရွက်မည်။

(၂) ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များအား အခြေခံ၍ နယ်လှည့်ကွင်းဆင်းပြီး ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ ဟောပြောပွဲများကျင်းပဆောင်ရွက်ရန်နှင့် မြို့နယ်အလိုက် စာကြည့်တိုက်ဆင့်ပွားပညာပေး ရက်တိုသင်တန်းများ ဖွင့်လှစ်မည်။

(၃) ရပ်ကွက်/ကျေးရွာနှင့် အခြေခံကျောင်းများတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ ကျင်းပပြုလုပ်သွားမည်။

(၄) ဒီဂျေးရွာဂျာနယ်ကို ကျေးလက်ပြည်သူများအား နိုင်ငံရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာ ဗဟုသုတများအဖြစ် ဖြန့်ဝေပေးနိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိနိုင်အောင် ဆောင်ရွက်မည်။

(၅) တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရုံးမှ ဦးစီးမှူးများအနေဖြင့် အခြားဌာန/ အသင်းအဖွဲ့များတွင် ဖွဲ့စည်းတည်ထောင်သော စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းတွင် ကူညီခြင်း၊ သင်တန်းများ ပို့ချဆွေးနွေးမှုများ ဆောင်ရွက်မည်။

၂၃။ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ ရည်မှန်းချက် တန်ဖိုးမှာ ကျပ်သန်းပေါင်း (၄၅၆,၇၃၁. ၉) ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၄. ၁ ရာခိုင်နှုန်းတိုးတက်ရရှိရန် ရည်မှန်းပါသည်။

**ငွေးရမ်းခနှင့်အခြားဝန်ဆောင်မှု**

၂၄။ ရန်ကုန်တိုင်းဒေသကြီး၊ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ ရည်မှန်းချက်များမှာအောက်ပါအတိုင်း ဖြစ်သည် -

**(က) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

(၁) မြန်မာနိုင်ငံသို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကမ္ဘာလှည့်ခရီးသည် (၂. ၆) သန်း ဝင်ရောက်နိုင်ရေးအတွက် ဆောင်ရွက်မည်။

(၂) ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း တိုးတက် ကျယ်ပြန့်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်သွားမည်။

**(ခ) မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန**

မြန်မာ့ရုပ်ရှင်လုပ်ငန်း (Myanmar Motion Picture Enterprise MMPE) ကို မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန (Myanmar Motion Picture Development Department MMPDD) သို့ ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

**ရည်မှန်းချက်များမှာ -**

(၁) မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ယခင်ဆောင်ရွက်ချက်များအပြင် မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုး တိုးတက်လာအောင် ပံ့ပိုးကူညီဆောင်ရွက်ရန်၊

(၂) မြန်မာရုပ်ရှင်ဇာတ်ကားများ ပြည်ပနှင့်ပူးတွဲထုတ်လုပ်၍ ဈေးကွက်တိုးချဲ့နိုင်ရေး ဆောင်ရွက်ရန်၊

(၃) ရုပ်ရှင်ပြသခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်းများကို Digital စနစ် အဆင့်မြှင့်တင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်သွားရန်စသည့် ရည်မှန်းချက်များထားရှိပြီး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လုပ်ငန်းစဉ်များမှာ -**

(၁) ယခင်က နိုင်ငံပိုင်စီးပွားရေးသဘောသဘာဝအရ ဝင်ငွေရှာဖွေခြင်းလုပ်ငန်းကို အစိုးရဌာန အနေဖြင့် တိုက်ရိုက်လုပ်ကိုင်ဆောင်ရွက်ခဲ့သောကြောင့် ဝင်ငွေနှင့်သုံးငွေ မျှတရေးကို ဆောင်ရွက်ခဲ့သော်လည်း ပြောင်းလဲပြင်ဆင်ဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံအရဝင်ငွေရှာဖွေ ခြင်းထက် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီပေးခြင်း၊

(၂) ပုဂ္ဂလိကလုပ်ငန်းရှင်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီပေးခြင်း၊

(၃) စည်းမျဉ်းစည်းကမ်းဥပဒေနှင့် ညီညွတ်အောင် ထိန်းညှိပေးခြင်း၊

(၄) ဥပဒေနှင့်အညီ ဆောင်ရွက်ရသည့်လုပ်ငန်းများကို မှတ်ပုံတင်ပေးခြင်း၊

(၅) ရုပ်ရှင်ဆိုင်ရာဖျော်ဖြေမှုလုပ်ငန်းများကဏ္ဍ (Sectorial) အလိုက်နှင့်ဒေသ (Regional) အလိုက် ဖွံ့ဖြိုးတိုးတက်ရေး ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ရုပ်ရှင်ဇာတ်ကားများကို စံချိန် စံညွှန်း သတ်မှတ်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောထား မှတ်ချက်ပေးပို့တင်ပြအပ်ပါသည်။

**(ဂ) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

(၁) ပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်း မြင့်မားတိုးတက်စေပြီး အလုပ်အကိုင် အခွင့်အလမ်း များနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေမည့်အိမ်ရာစီမံကိန်းများ၊ စက်မှုဇုန်စီမံကိန်းများ၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းများကို စနစ်တကျ ရေးဆွဲ ဆောင်ရွက်မည်။

(၂) နိုင်ငံသားတိုင်း၏ လိုအပ်ချက်များ နှင့် တတ်နိုင်စွမ်းအားအလိုက် နေရာဒေသအမျိုးမျိုးတွင် ကောင်းမွန်သင့်လျော်သော အိမ်ရာအမျိုးမျိုးကို စီမံကိန်းများ ရေးဆွဲအကောင်အထည် ဖော်ပြီး ဖြည့်ဆည်းဆောင်ရွက်မည်။

**သမဝါယမပိုင်အခန်း**

**ရည်မှန်းချက်များ**

(၁) စီမံကိန်းကာလအတွင်း သမဝါယမအသင်းများ၏ စီမံကိန်း အကောင်အထည်ဖော်မှုကို ရာနှုန်းပြည့်မီအောင် ဆောင်ရွက်မည်။

(၂) လူတန်းစား အလွှာပေါင်းစုံ ပါဝင်ဆောင်ရွက်နိုင်စေမည့် သမဝါယမအသင်းအမျိုးအစားများ တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်မည်။

(၃) လိုအပ်သောငွေကြေးအရင်းအနှီးရရှိစေရန်နှင့် ဘဏ္ဍာရေးခိုင်မာမှုရှိစေရန် အစုတန်ဖိုးတိုးမြှင့်ခြင်းများ၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းများဆောင်ရွက်မည်။

(၄) တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သောငွေကြေးအရင်းအနှီးရရှိစေရန် အသေးစားချေးငွေများ ထုတ်ချေးပေးရန် စီစဉ်သည်။

၂၅။ ရန်ကုန်တိုင်းဒေသကြီး ငွေးရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၏ ရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်းပေါင်း (၂၂၉,၀၆၄. ၄) ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၁၇. ၅ ရာခိုင်နှုန်းတိုးတက်ရရှိရန် ရည်မှန်းပါသည်။

## ကုန်သွယ်မှုကဏ္ဍ

၂၆။ ရန်ကုန်တိုင်းဒေသကြီး၊ ကုန်သွယ်မှုကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကုန်သွယ်မှုပမာဏ တိုးတက်ရေး၊

(၂) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ပေါ်ပေါက်လာရေးအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင် ဆောင်ရွက်ရေး၊

(၃) ဒေသတွင်းစားသုံးရန် ကုန်ထုတ်လုပ်မှုအဆင့်မှ ပြည်တွင်း/ပြည်ပ ကူးသန်းရောင်းဝယ်မှု အဆင့်အထိ တက်လှမ်းနိုင်သော စီးပွားဖြစ် ကုန်ထုတ်လုပ်မှုအဆင့်ရောက်ရှိအောင် အားပေးမြှင့်တင် ဆောင်ရွက်ရေး၊

(၄) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာ့ထွက်ကုန်များနိုင်ငံတကာဈေးကွက်တွင် ဈေးကွက်ဝေစု ပိုမိုရရှိရေး၊

(၅) ပြည်တွင်း ကုန်ထုတ်လုပ်ငန်းများ တိုးတက်ထုတ်လုပ်ခြင်းဖြင့် ပြည်ပပို့ကုန် တိုးမြှင့်ရေး အားပေးမြှင့်တင် ဆောင်ရွက်ရေး၊

(၆) ဈေးကွက်၊ ဈေးနှုန်း ပိုမိုရရှိစေရေးအတွက် တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ် တင်ပို့ရောင်းချရေး၊

(၇) ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက်ပံ့ပိုးကူညီဆောင်ရွက်ရေး၊

(၈) အသားတင်ထုတ်လုပ်မှုတန်ဖိုး တွက်ချက်ရာတွင် ကုန်သွယ်မှုကဏ္ဍမှ ပါဝင်မှုအချိုးအစားမြှင့်တင်ရေး၊

(၉) ဒေသတွင်း ကုန်စည်စီးဆင်းမှုနှင့် ကုန်ဈေးနှုန်း တည်ငြိမ်စေရေးအတွက် ပြည်တွင်းထုတ်လုပ်မှု၊ စားသုံးမှုနှင့်ပိုလျှံမှုတို့အပေါ်အခြေခံ၍ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများထိန်းကျောင်းဆောင်ရွက်ရေး။

၂၇။ ရန်ကုန်တိုင်းဒေသကြီး ကုန်သွယ်မှုကဏ္ဍ ၏ ရည်မှန်းချက် တန်ဖိုးမှာ ကျပ်သန်းပေါင်း (၃,၄၁၁,၈၄၂. ၁) ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၄. ၆ ရာခိုင်နှုန်း တိုးတက်ရရှိရန် ရည်မှန်းပါသည်။

## နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုလျာထားချက်

၂၈။ ရန်ကုန်တိုင်းဒေသကြီး၏ ဝန်ကြီးဌာနအလိုက် နိုင်ငံပိုင်အခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုလျာထားချက် (ငွေလုံးငွေရင်းအသုံးစရိတ်) မှာ ကျပ်သန်းပေါင်း (၂၁၈,၆၃၇. ၉၉၅) ဖြစ်ပါသည်။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်<br>( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် ) | **သောကြာနေ့** |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### သစ်တောဦးစီးဌာန

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၈ ရက် )

အမှတ် ၄၀၄ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနတွင် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၈/၂၀၁၄) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၄ ခုနှစ်၊ မေလ ၇ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၃)/(၅၀၈/၂၀၁၄) တို့အရ သစ်တောဦးစီး ဌာန၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဌေး (၂) အား သစ်တော ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး/ဒုတိယပါမောက္ခ လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးနေရာသို့ ဒုတိယညွှန်ကြားရေးမှူး အလုပ်တာဝန်များကို စတင်ထမ်းဆောင်သည့် နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၄၀၅ ။ ။ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဌေး (၂) အား သဘာဝဝန်းကျင်နှင့်သားငှက် တိရစ္ဆာန်ထိန်းသိမ်းရေးဌာနတွင် နေရာချထားလိုက်သည်။

(၁၄) ရက်အတွင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။

အမှတ် ၄၀၈ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနတွင် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၈/၂၀၁၄) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၄ ခုနှစ်၊ မေလ ၇ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၃)/(၅၁၇/၂၀၁၄) တို့အရ သစ်တောဦးစီး ဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၁၂) ဦးအား သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး/ကထိက/ဌာနခွဲမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာ များသို့ လက်ထောက်ညွှန်ကြားရေးမှူး အလုပ်တာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်ပြီး အမည်နှင့်ယှဉ်တွဲပါအတိုင်း နေရာချထားလိုက်သည် -

| စဉ် | အမည် | မှ | သို့ |
|---|---|---|---|
| ၁ | ဦးသန်းဦး | ညွှန်ကြားရေးမှူးရုံး<br>ကယားပြည်နယ် | သစ်တောသုတေသနဌာန |

| စဉ် | အမည် | မှ | သို့ |
|---|---|---|---|
| ၂ | ဦးထွန်းညွန့်လှိုင် | တောင်ကြီးမြို့နယ်<br>ရှမ်းပြည်နယ် (တောင်ကြီး) | ဦးစီးရုံးချုပ်<br>တိုးချဲ့ပညာပေးရေးဌာန |
| ၃ | ဦးဇော်ဝင်း | ညောင်ဦးမြို့နယ်<br>မန္တလေးတိုင်းဒေသကြီး | ဦးစီးရုံးချုပ်<br>သဘာဝတောနှင့်စိုက်ခင်း<br>လုပ်ငန်းဌာန |
| ၄ | ဦးမောင်မောင်ချို | ကျောက်မဲခရိုင်ရုံး<br>ရှမ်းပြည်နယ် (လားရှိုး) | ညွှန်ကြားရေးမှူးရုံး<br>မွန်ပြည်နယ် |
| ၅ | ဦးရဲထွန်း | မဘိမ်းမြို့နယ်<br>ရှမ်းပြည်နယ် (လားရှိုး) | သဘာဝဝန်းကျင်နှင့်သားငှက်<br>တိရစ္ဆာန်ထိန်းသိမ်းရေးဌာန |
| ၆ | ဦးတင်ထွန်း | ဦးစီးရုံးချုပ်<br>တိုးချဲ့ပညာပေးရေးဌာန | ညွှန်ကြားရေးမှူးရုံး<br>ဧရာဝတီတိုင်းဒေသကြီး |
| ၇ | ဦးသန်းဝင်း | ကွတ်ခိုင်မြို့နယ်<br>ရှမ်းပြည်နယ် (လားရှိုး) | ပဲခူးခရိုင်<br>ပဲခူးတိုင်းဒေသကြီး |
| ၈ | ဦးမောင်မောင်စိုး (၁) | မြန်မာနိုင်ငံသစ်တောကျောင်း | ဦးစီးရုံးချုပ်<br>တိုးချဲ့ပညာပေးရေးဌာန |
| ၉ | ဦးအောင်ကျော်ဦး | လင်းခေးမြို့နယ်<br>ရှမ်းပြည်နယ် (တောင်ကြီး) | ကျိုင်းတုံခရိုင်<br>ရှမ်းပြည်နယ် (ကျိုင်းတုံ) |
| ၁၀ | ဦးအောင်မော်ဦး | တောင်တွင်းကြီးမြို့နယ်<br>မကွေးတိုင်းဒေသကြီး | သစ်တောသုတေသနဌာန |
| ၁၁ | ဦးသန်းထွေး | ဦးစီးရုံးချုပ်<br>စစ်ဆေးရေးဌာန | ဦးစီးရုံးချုပ်<br>စစ်ဆေးရေးဌာန |
| ၁၂ | ဦးခင်မောင်ဝင်း (၂) | အောင်လံမြို့နယ်<br>မကွေးတိုင်းဒေသကြီး | ကော့ကရိတ်ခရိုင်<br>ကရင်ပြည်နယ် |

(၁၄) ရက်အတွင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။

အမှတ် ၄၀၉ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနတွင် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၈/၂၀၁၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၄ ခုနှစ်၊ မေလ ၆ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (ဆ) (၃)/(၅၁၃/၂၀၁၄) တို့အရ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးမှ သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးလာမည့် ညွှန်ကြားရေးမှူး ဦးကြည်ဝင်း (၂) အား သစ်တောဦးစီးဌာန၊ ကရင်ပြည်နယ်၊ အမြဲနေရပ်ဘားအံမြို့တွင် နေရာချထားလိုက်သည်။

ဒေါက်တာညီညီကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
သစ်တောဦးစီးဌာန။

# ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် )

အမှတ် ၂၅၆ ။ ။ စက်မှုဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၃-၁၄) ၏ ဆုံးဖြတ်ချက်အရ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း (ရုံးချုပ်) ထုတ်လုပ်မှုစီမံရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်း ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမောင် (၄၀၉၀၁၄) အား ၂၀၁၄ ခုနှစ်၊ မေလ ၈ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၇ ရက် )

အမှတ် ၂၇၀ ။ ။ စက်မှုဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၃-၁၄) ၏ ဆုံးဖြတ်ချက်အရ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်) တွင် တာဝန်ထမ်းဆောင်နေသော လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်း လက်ထောက်မန်နေဂျာ ဒေါ်ခင်ဆွေသန်း (၂၅၁၅၃၆) အား ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုလိုက်သည်။

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၀ ရက် )

အမှတ် ၂၉၉ ။ ။ စက်မှုဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၃-၁၄) ၏ ဆုံးဖြတ်ချက်အရ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်) တွင် တာဝန်ထမ်းဆောင်နေသော လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်း လက်ထောက်မန်နေဂျာ ဦးဟုန်စိန် (၄၂၀၃၅၆) အား ၂၀၁၄ ခုနှစ်၊ မေလ ၈ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုလိုက်သည်။

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက် )

အမှတ် ၄၂၉ ။ ။ စက်မှုဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၄-၂၀၁၅) ၏ ဆုံးဖြတ်ချက်အရ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်) တွင် တာဝန်ထမ်းဆောင်နေသော လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်း လက်ထောက်မန်နေဂျာ ဦးစိန်လှိုင် (၄၂၀၃၀၀) အား ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာချိုဝင်းမော်၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း။

## ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )

အမှတ် ၁ ။ ။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့စွဲပါ စာအမှတ်၊ ၁/၃၂/၂၀၁၄ (၄၉၂) အရ တပ်မတော်တွင် စစ်မှုထမ်းခြင်းမှ အငြိမ်းစားယူခဲ့သည့် ကြည်း ၃၁၉၇၅ ဗိုလ်မှူးဝင်းလှိုင် (ငြိမ်း) အား ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ရုံးချုပ်တွင် (ရှမ်းပြည်နယ်ရုံး၊ တောင်ကြီးအင်အား) ဖြင့် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၂၉ ရက် )

အမှတ် ၂ ။ ။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၄ ခုနှစ်၊ မေလ ၂၈ ရက်နေ့စွဲပါ စာအမှတ်၊ ၁/၃၂/၂၀၁၄ (၁၆၉၆) အရ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ရုံးချုပ်မှ ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ဒေါ်မြင့်မြင့်သန်းအား ၂၀၁၄ ခုနှစ်၊ မေလ ၂၈ ရက်နေ့မှစ၍ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၃ ။ ။ ကနဦးလစာကို ၁၆၀,၀၀၀/- သတ်မှတ်သည်။

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက် )

အမှတ် ၄ ။ ။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့စွဲပါ စာအမှတ်၊ ၁/၃၃ (ပစန)/၂၀၁၄ (၂၁၃၆) အရ ဒုတိယဦးစီးမှူး (အမှုထမ်း) ရာထူးမှ ဦးစီးအရာရှိ (အရာထမ်း) ရာထူးသို့ တိုးမြှင့်ခန့်ထားရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၄) မှ သဘောတူပြီးဖြစ်သည့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး လစာနှုန်း (၉၉,၀၀၀-၁,၀၀၀-၁၀၄,၀၀၀) များအား ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှစ၍ ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားပြီး ယှဉ်တွဲဖော်ပြပါ ရုံး/ဌာနများတွင် တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရုံး/ဌာန | တာဝန်ချထားသည့်ရုံး/ဌာန |
|---|---|---|---|
| (၁) | ဒေါ်မြမြလေး | ရုံးချုပ် (လုပ်ငန်းဆောင်ရွက်ရေးဌာန) | ရုံးချုပ် (လုပ်ငန်းဆောင်ရွက်ရေးဌာန) |
| (၂) | ဒေါ်တင်တင်အေး-၂ | ရုံးချုပ် (စီမံကိန်းနှင့်ဘတ်ဂျက်ဌာန) | ရုံးချုပ် (စီမံကိန်းနှင့်ဘတ်ဂျက်ဌာန) |
| (၃) | ဒေါ်မေသူ | ရုံးချုပ် (စီမံရေးရာဌာန) | ရုံးချုပ် (စီမံရေးရာဌာန) (ရုံးချုပ်၊ စစ်ဆေးရေး၊ သင်တန်းနှင့် မှတ်တမ်းအင်အား) |

အမှတ် ၅ ။ ။ ကနဦးလစာကို ၁၄၀,၀၀၀/- သတ်မှတ်သည်။

ဆန်းအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်<br>( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် ) | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ**

**သစ်ခွမြေ ခရီးသွားလာရေးလုပ်ငန်း ကုမ္ပဏီလီမိတက်**

**(Vanda Land Tourism Company Limited)**

**အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

**သစ်ခွမြေ ခရီးသွားလာရေးလုပ်ငန်း ကုမ္ပဏီလီမိတက် (Vanda Land Tourism Co., Ltd.)** ၏ အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် နောက်ဆုံးအရပ်ရပ်အထွေထွေ အစည်းအဝေးကြီးအား ကုမ္ပဏီ၏ ရုံးခန်းလိပ်စာဖြစ်သော တိုက်အမှတ်-အေ-၃-၁၊ အခန်းအမှတ် - ၁၀၄၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၃၀-၁၁-၂၀၁၄) နေ့လယ် (၁း၀၀) နာရီ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ကုမ္ပဏီ၏ အစုရှယ်ယာရှင်အားလုံး တက်ရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ်-၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊ ရိုးမရိပ်သာ၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၀၄၃၄၉၊ ၅၂၃၃၂၇

## မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းကြောင်းကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **Technical World Myanmar Co., Ltd.** အား (၁၄-၁၀-၂၀၁၄) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ဦးကျော်ညွန့် မှတ်ပုံတင်စာရင်းကိုင်အမှတ် (၁၅၆) အမှတ် ၁၁ (အေ/ဘီ) ဟံသာဝတီလမ်း၊ အခွန်လွတ်ဈေးရှေ့၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့်ပေးရန်ရှိသည်များကို အစုရှယ်ယာရှင်များမှ သတ်မှတ်ထားသော (၃၁-၁၁-၂၀၁၄) ရက်ထက် နောက်မကျစေဘဲ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| ဦးရဲဝင်းဦး | ဦးကျော်ညွန့် |
| မန်နေးဂျင်းဒါရိုက်တာ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## YELLOW PAGES (MYANMAR) LIMITED
## (ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)
## မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င)

**YELLOW PAGES (MYANMAR) LIMITED** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် နောက်ဆုံးအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ အမှတ်-၁၉၉၊ (ပ) ထပ်၊ (၃၄) လမ်း၊ (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၌ (၃၀-၁၁-၂၀၁၄) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးချန္ဒရာ (အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YELLOW PAGES (MYANMAR) LIMITED

## MYANMAR DMC TRAVELS & TOURS CO., LTD.
## ဖျက်သိမ်းရန် ကြေညာချက်

၁။ **MYANMAR DMC TRAVELS & TOURS CO., LTD.** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၇-၁၀-၂၀၁၄) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-(၆၁/ခ)၊ (၅) လမ်း၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ ဦးဆန်းထွန်း [၁၂/သလန (နိုင်) ၀၃၃၂၅၉] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဆန်းထွန်းထံ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြေညာလိုက်သည်။

ဦးနေသီဟ
မန်နေးဂျင်းဒါရိုက်တာ
MYANMAR DMC TRAVELS & TOURS CO.,LTD.

ဦးဆန်းထွန်း
B.Com., C.P.A, F.B.S.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
MYANMAR DMC TRAVELS & TOURS CO.,LTD.
(ဖျက်သိမ်းဆဲ)

## Kyi Thant Mining Co., Ltd.
## မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၀၈ (င) အရ
## ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း
## ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ အပြီးသတ်နှင့် နောက်ဆုံးအစည်းအဝေးအား (၃၀-၁၁-၂၀၁၄) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား၊ ဒုတိယလမ်းသွယ်၊ ကမ္ဘောဇလမ်း၊ အမှတ် (၈၀ ဂ) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်း (ဥပဒေအကျိုးဆောင်စဉ်-၂၆၅၇) က ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအခြေအနေများကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အစုရှင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးခင်ဝင်း
B.A, H.G.P., R.L., D.B.L, D.I.L, D.M.L
P.G. D.I.T (New Delhi). D.Jap, M.P.A, M.A (B;L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ရုံး) အမှတ် ၂၄၄ (ပထမထပ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၄၄၁၉
(အိမ်) ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း- ၂၉၈၃၇၈၊ ၀၉-၅၀၀၈၅၈၃

**Myanmar Chemical Engineers Group (1) Trading Co., Ltd.**

**မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ**

**ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း**

**ကြေညာချက်**

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ (၁၅-၁၀-၂၀၁၄) ရက်နေ့က ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အစည်းအဝေး၏ အထူးဆုံးဖြတ်ချက်အရ ကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်း ဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင်စဉ်-၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို (၃၀-၁၁-၂၀၁၄) ရက်နေ့နောက်ဆုံးထား၍ သက်သေပြ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်းအသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| U Sein Thaung Oo | ဦးခင်ဝင်း |
| Managing Director | B.A, H.G.P., R.L., D.B.L, D.I.L, D.M.L |
| Myanmar Chemical Engineers | P.G. D.I.T (New Delhi). D.Jap, M.P.A, M.A (B;L) |
| Group (1) Trading Co., Ltd. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

(ရုံး) အမှတ် ၂၄၄ (ပထမထပ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၄၄၁၉
(အိမ်) ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း- ၂၉၈၃၇၈၊ ၀၉-၅၀၀၈၅၈၃

**မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ**

**ဆုဖြိုးရဲ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အစည်းအဝေး ဆုံးဖြတ်ချက် (Extra Ordinary Resolution) အရ "ဆုဖြိုးရဲ ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်" HSU PHYO YE' CONSTRUCTION COMPANY LIMITED. ကို (၂၄-၁၀-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်ခိုင်ဝေမွန် (အထက်တန်းရှေ့နေ) အား စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်း ခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| U Myint Thein | ဒေါ်ခိုင်ဝေမွန် LL.B |
| Managing Director | (အထက်တန်းရှေ့နေ) (စဉ်-၃၅၇၃၀) |
| Hsu Phyo Ye' Construction Co., Ltd. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

ပ၊ ၈၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၅၅/၃၁-၁၀-၂၀၁၄။